


# မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေး အစီအစဉ် (My-PEC)

ကောင်းမွန်သည့်အလေ့အထများဖြစ်ပေါ် ခဲ့ခြင်းနှင့်သက်ဆိုင်သည့် အချက်အလက်များအနှစ်ချုပ်ဖော်ပြချက်

၂၃ရက် ဧပြီလ ၂၀၂၄ခုနှစ်

## စီမံကိန်းမှ အဓိကအောင်မြင်ခဲ့သည့်လုပ်ငန်းများ

အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (ILO) သည် မြန်မာနိုင်ငံက ILO ၏ အဆိုးဝါးဆုံးပုံစံဖြင့် ကလေးအလုပ်သမားများအား ခိုင်းစေမှုဆိုင်ရာ ပြဌာန်းချက်အမှတ် (၁၈၂) ကို (၁၉၉၉) ခုနှစ်တွင် အတည်ပြုလက်မှတ်ရေးထိုးခဲ့သည့်နောက်ပိုင်းမှစတင်၍ အမေရိကန်နိုင်ငံ အလုပ်သမားရေးရာဌာန၏ ရန်ပုံငွေထောက်ပံ့မှုဖြင့် (၂၀၁၄) ကတည်းက ကလေးအလုပ်သမားပပျောက်ရေး မြန်မာနိုင်ငံဆိုင်ရာစီမံချက် (My-PEC) ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။

My-PEC စီမံချက်ကို ဒီမိုကရေစီစနစ် အခြေတည်ဖြစ်ထွန်းစကာလတွင် စတင်ခဲ့ပါသည်။ လူ့အခွင့်အရေးကို ထိန်းသိမ်း စောင့်ရှောက်ကာကွယ်ပေးရန် တာဝန်ရှိသည့်အဖွဲ့အစည်းများ (Duty bearers)၊ နိုင်ငံ၏မူဝါဒနှင့် ဥပဒေပြဌာန်းချက်များအရ အခွင့်အရေးခံစားခွင့်ရှိသူ (Right holders) များနှင့် ပြည်သူဗဟိုပြုသော လူမှုစီးပွားအစီအစဉ်ရေးဆွဲဆောင်ရွက်မှု သဘောတရားများသည် မြန်မာနိုင်ငံအတွက် လုံးဝဥဿုံအသစ်ဖြစ်နေခဲ့ပါသည်။ My-PEC စီမံချက်ရေးဆွဲမှုတွင် ဤ အခြေအနေကို ထည့်သွင်းစဉ်းစားခဲ့ပြီး လူ့အခွင့်အရေးကို ထိန်းသိမ်းစောင့်ရှောက်ကာကွယ်ပေးရန် တာဝန်ရှိသည့် အဖွဲ့အစည်းများ (Duty bearers)နှင့် နိုင်ငံ၏မူဝါဒနှင့်ဥပဒေပြဌာန်းချက်များအရ အခွင့်အရေးခံစားခွင့်ရှိသူ (Right holders) များ၏ အခန်းကဏ္ဍကို အပြောင်းအလဲများဖြစ်ထွန်းလာအောင် အစီအစဉ်များချမှတ်ကာ ကလေးလုပ်သား ဆန့်ကျင် တိုက်ဖျက်ရေးတွင် လူမှုရေးရာမိတ်ဖက်အဖွဲ့အစည်းများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ (CSOs) ၏ အရေးပါသော အခန်းကဏ္ဍကိုမိတ်ဆက်ပေးခြင်းဖြင့် စတင်ခဲ့ပါသည်။ ထိုသို့ မြန်မာနိုင်ငံ၏ ထူးခြားကွဲပြားသော၊ ရှုပ်ထွေးမှုများရှိနေသော အခြေအနေများကို ကောင်းစွာသိရှိနားလည်ထားခြင်းသည် My-PEC စီမံချက် လက်တွေ့ကွင်းဆင်းဆောင်ရွက်ရာတွင် အမှန်တကယ်ရှိနေသည့် အခြေအနေများနှင့်များစွာကိုက်ညီဆီလျော်မှုကို ဖြစ်စေခဲ့ပါသည်။

ပြီးခဲ့သည့် သုံးနှစ်တာကာလအတွင်း My-PEC စီမံချက်ကို အကောင်အထည်ဖော်ရာတွင် အခြေအနေကသောင်းကနင်းဖြစ်မှု အကြီးစားများကို ရင်ဆိုင်ခဲ့ကြရပြီး အခြေခံအားဖြင့် စီမံချက်၏အကျိုးရလဒ်များ

**My -PEC သည် အောက်ဖော်ပြပါနည်းလမ်းများဖြင့် မြန်မာနိုင်ငံတွင် ကလေးလုပ်သားများ လျှော့ချနိုင်ရန် ကျယ်ပြန့်ပြည့်စုံသော၊ အားလုံးအကျုံးဝင်စေသော၊ အချိန်တိုအတွင်း လုပ်ငန်းတွင်ကျယ်ထိရောက်သော အကျိုးသက်ဆိုင်ပတ်သက်သူများစွာပါဝင်သည့် တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းစဉ်တစ်ခုကို ထူထောင်နိုင်ရန် ရည်ရွယ်ခဲ့ပါသည်။**

- မြန်မာနိုင်ငံရှိ ကလေးအလုပ်သမားများ အပေါ်**အခြေခံ၍ အသိပညာများ** ပိုမို ကျယ်ပြန့်လာစေရန်
- ကလေး အလုပ်သမား ဆိုင်ရာ **သိမြင်ရင်းနှီးမှု များ** နှင့် အသိပညာများ ပိုမိုတိုးတက်လာ စေရန်
- **ဥပဒေပြုရေး**ကို ပိုမို တိုးတက်စေရန်နှင့် နိုင်ငံတကာစံနှုန်းများနှင့် အညီ ကလေးအလုပ်သမား ဆိုင်ရာကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းရာ၌ **အမျိုးသားအဆင့်နှင့် ဒေသဆိုင်ရာအဆင့်**များ၏ စွမ်းဆောင်ရည်များ ပိုမို အားကောင်းလာ စေရန်
- ဤကလေးအလုပ်သမား ဆိုင်ရာကိစ္စရပ်များကို **ကွန်ရက်ဖွဲ့ဆောင်ရွက်ခြင်းနှင့် တင်ပြအရေးဆို ခြင်းများ** ဖြစ်လာစေရန် အမျိုးသားအဆင့်နှင့် ဒေသအဆင့် သက်ဆိုင်ပတ်သက်သူများ၏ စွမ်းဆောင်ရည်များ ပိုမို တိုးတက်လာစေရန်
- **တိုက်ရိုက်ကြားဝင်ကူညီမှုများ**မှတဆင့် လျာထားသော ရပ်ရွာလူထုများအတွင်း ကလေးအလုပ်သမားများကို လျှော့ချသွားရန်

ကို ခြိမ်းခြောက်မှုများဖြစ်ခဲ့ပါသည်။ ထိုဖြစ်ရပ်များတွင် ကိုဗစ်-၁၉ ကပ်ရောဂါ၏ သက်ရောက်မှုများနှင့် ကိုရိုနာပိုးမွှားများ ပြန့်ပွားမှုကို ဟန့်တားနိုင်ရန်အတွက် တားမြစ်ကန့်သတ်ချက်များပါဝင်သည်။ စီမံကိန်းသည်အစောပိုင်းနှစ်များအတွင်း သိသာထင်ရှားသည့် အောင်မြင်မှုများကို ရရှိခဲ့သော်လည်း ထိုသို့သောအခြေအနေများကြောင့် မြန်မာနိုင်ငံရှိ မိသားစုများနှင့်ကလေးများအတွက် ကလေးလုပ်သား ဖြစ်သွားစေရန် ထိခိုက်လွယ်မှု အနေအထားများတိုးလာစေခဲ့ပါသည်။ ကိုဗစ်နှင့်စပ်လျဉ်းသည့်တားမြစ်ချက်များကြောင့် My-PEC သည် ၎င်း၏ မဟာဗျူဟာများကိုလည်း ချိန်ညှိပြင်ဆင်ခဲ့ရပြီး မတူကွဲပြားသည့် တိုက်ရိုက်ဝန်ဆောင်မှုများပေးခြင်း၊ အုပ်စုငယ်များဖြင့်သာချိတ်ဆက်ဆောင်ရွက်ရခြင်းနှင့် အွန်လိုင်းအသုံးပြုနိုင်စွမ်း ပိုမိုတိုးတက်လာအောင်ပြုလုပ်ပေးခြင်း အစရှိသဖြင့် လုပ်ငန်းဆောင်ရွက်သည့် စံပုံစံများကို ပြောင်းလဲခဲ့ရပါသည်။

ဤ အချက်အလက်များအနှစ်ချုပ်ဖော်ပြချက်သည် My-PEC စီမံကိန်းမှထွက်ပေါ်လာခဲ့သည့် ကောင်းမွန်သော အလေ့အထ များကို အနှစ်ချုပ်ဖော်ပြထားခြင်း ဖြစ်ပြီး My-PEC စီမံကိန်းကြားဝင်ကူညီပေးခဲ့သည့် ဆယ်နှစ်တာနီးပါးကာလအတွင်း ရရှိခဲ့ သည့် သင်ခန်းစာများနှင့် ကောင်းမွန်သောအလေ့အထများကို အစီရင်ခံစာအပြည့်အစုံအတွင်းမှ ထုတ်နှုတ်ဖော်ပြထားခြင်း ဖြစ်ပါသည်။ ဤစာတမ်းတွင် မြန်မာနိုင်ငံရှိ ကလေးလုပ်သားများဆိုင်ရာ မဟာဗျူဟာများကို ဖြစ်ပေါ်လာသည့် အခြေအနေ များနှင့် လိုက်လျောညီထွေရှိအောင် ပြန်လည်ချိန်ညှိလုပ်ဆောင်ရာတွင် အထောက်အကူဖြစ်စေခဲ့သည့် သင်ခန်းစာများနှင့် ကောင်းမွန်သောအလေ့အထများကို ဦးစားပေးဖော်ပြထားပြီး အလားတူစိန်ခေါ်မှုများကို တွေ့ကြုံရမည့် အခြားသောနိုင်ငံ များနှင့် ရပ်ရွာလူထုများအတွက်အကျိုးရှိစေမည်ဖြစ်သည်။ ခွဲခြမ်းလေ့လာမှုများကို စီမံကိန်းဆိုင်ရာ စာရွက် စာတမ်းများ၊ အဓိကသက်ဆိုင်သူများနှင့် လူတွေ့မေးမြန်းခြင်းများ၊ ရပ်ရွာလူထု (ဦးတည်အုပ်စုများ) ဆိုင်ရာစစ်တမ်းများနှင့် ဦးတည်အုပ်စု များနှင့် ဆွေးနွေးခဲ့သည်များကို လေ့လာခဲ့ခြင်းများအား အခြေခံထားပါသည်။ သုတေသနကို ၂၀၂၂ ခုနှစ်တစ်နှစ်တာလုံး လုပ်ဆောင်ခဲ့ပြီး ကိုဗစ်-၁၉ ကပ်ရောဂါနှင့် ၂၀၂၁ ခုနှစ် စစ်တပ်အာဏာသိမ်းပြီးကတည်းကဖြစ်ပေါ်လာသည့် လုံခြုံရေး အခြေအနေများကြောင့်ဖြစ်ပေါ်လာသည့် ခရီးအသွားအလာကန့်သတ်ချက်များနှင့် လုံခြုံရေးပိုင်းဆိုင်ရာစိုးရိမ်ရသည့် အခြေအနေများကြောင့် ကွင်းဆင်းဆောင်ရွက်မှုတွင်အချိန်များစွာ ကြာမြင့်ခဲ့ပါသည်။

## ▶ မြန်မာနိုင်ငံရှိကလေးအလုပ်သမားများနှင့် ပြန်လည်တုံ့ပြန်ဆောင်ရွက်မှုများ

▶ နိုင်ငံရေးအခြေအနေများကို အဓိကဖော်ပြချက်များ - အချိန်ကာလအလိုက်ဖြစ်ပေါ်မှုများ

**2011–2015**

- ▶ ဗိုလ်ချုပ်သိန်းစိန်သည် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် စည်းလုံးညီညွတ်ရေးပါDevelopment Party (USDP)၏အစိုးရကို ဦးဆောင်ရန်အတွက် စစ်ဘက်မှ အနားယူခဲ့သည်။
- ▶ ၂၀၁၅ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် သမ္မတကြီးသိန်းစိန်နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း (EAOs ) ရှစ်ဖွဲ့သည် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် ( NCA) ကိုဘက်မှတ်ရေးထိုးခဲ့ကြသည်။

**2015**

- ▶ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) သည် ၎င်း၏ပထမဆုံးရွေးကောက်ပွဲ၌ တောင်ပြိုကမ်းပြိုအနိုင်ရခဲ့ပြီး အစိုးရ တစ်ရပ်ဖွဲ့စည်းခဲ့သည်။

**2016**

- ▶ ရိုဟင်ဂျာအရေး

**2020**

- ▶ ကိုဗစ်-၁၉ ကပ်ရောဂါများစတင်ဖြစ်ပွားခြင်းနှင့် အတူ စာသင်ကျောင်းများလည်းပိတ်လိုက်ရသည်။
- ▶ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အစိုးရသည် ရွေးကောက်ပွဲတွင် ဒုတိယအကြိမ်မြောက် တောင်ပြိုကမ်းပြိုထပ်မံ အနိုင်ရခဲ့ပြီး ၂၀၂၁ ခုနှစ်ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် ကျမ်းကျိန်ရန်သတ်မှတ်ခဲ့သည်။

**2021**

- ▶ စစ်တပ်သည်ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များ (MPs)ကို ကျမ်းကျိန်မှုမပြုရသေးမီ ဖြုတ်ချခဲ့ပြီး နိုင်ငံတော်စီမံခန့်ခွဲရေးကောင်စီ (SAC) ကို ထူထောင်ခဲ့သည်
- ▶ ဖြုတ်ချခံရသည့်လွှတ်တော်ကိုယ်စားလှယ်များနှင့် လူမှုအလွှာအဆင့်အဆင့်ရှိ သက်ဆိုင်ပတ်သက်သူများသည် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ကို ထူထောင်ခဲ့သည်
- ▶ မြန်မာနိုင်ငံတဝှမ်းလုံး အာဏာဖီဆန်ရေးလှုပ်ရှားမှု (CDM) တစ်ရပ်စတင်ပေါ်ပေါက်ခဲ့သည်
- ▶ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အာဏာဖီဆန်ရေးလှုပ်ရှားမှုများကို နှိပ်ကွပ်ခဲ့ပြီး တစ်နိုင်ငံလုံး လက်နက်ကိုင်ပဋိပက္ခများစတင်ခဲ့သည်
- ▶ ငွေကြေးဖောင်းပွမှုမြင့်မားလာခြင်းကြောင့် လုပ်ခလစာများမလုံလောက်တော့ခြင်း၊ အလုပ်အကိုင်သန်းပေါင်း များစွာဆုံးရှုံးခြင်းနှင့် အလုပ်အကိုင်ရရှိရေးအတွက် အိမ်နီးချင်းနိုင်ငံများသို့ ရွှေ့ပြောင်းထွက်ခွာမည့်သူများကို ပိုမို တင်းကျပ်စွာထိန်းချုပ်ခြင်း အစရှိသည်တို့အပါအဝင် လူမှုစီးပွားအကြီးစားပျက်စီးမှုများဖြစ်ပေါ် ခဲ့သည်
- ▶ အများပြည်သူ၏လွတ်လပ်ခွင့်များ၊ တရားဥပဒေစိုးမိုးရေးနှင့် လူမှုရေးရာ စီရင်ဆုံးဖြတ်မှုများ လျော့ကျသွားခဲ့ပြီး ပြည်သူများအကြားတွင်စိုးရိမ်ကြောက်ရွံ့မှုများဖြစ်လာပြီး ကျူးလွန်သူများအနေဖြင့် ပြစ်ဒဏ်မခံရခြင်းများဖြစ်လာခဲ့သည်။



မြန်မာ့လုပ်သားအင်အားစစ်တမ်း ၂၀၁၅[1] ၏ ခန့်မှန်းချက်အရ ကလေးပေါင်း (၁.၁၂၅) သန်းသည် ကလေးလုပ်သားများအဖြစ် အလုပ်လုပ်နေကြပြီး ကလေးပေါင်း (၆၁၆၈၁၅) ယောက်သည် ဘေးအန္တရာယ်ရှိသောအလုပ်များတွင် ဝင်ရောက်လုပ်ကိုင် နေကြသည်။ ကလေးလုပ်သားအဖြစ်လုပ်ကိုင်ရခြင်းသည် ကလေးများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အထွေထွေကိုယ်စိတ် ကျန်းမာမှုများကို ထိခိုက်စေပြီး ၎င်းတို့၏ ဘဝအလားအလာများကို အပြည့်အဝမရရှိနိုင်အောင် အတားအဆီးဖြစ်စေသည်။ ထို့အပြင် အိမ်ထောင်စုများ၊ ရပ်ရွာလူထုများနှင့် တစ်နိုင်ငံလုံးအတိုင်းအတာစသည့်အဆင့်အမျိုးမျိုးတွင် လူမှုစီးပွားဖွံ့ဖြိုး တိုးတက်မှုများအပေါ်၌ တိုက်ရိုက်နှင့် သွယ်ဝိုက်သက်ရောက်မှုများလည်းဖြစ်စေသည်။

၂၀၁၁ ခုနှစ်မတိုင်မီက ILO ၏ အကူအညီဖြင့် မြန်မာနိုင်ငံအစိုးရသည် ကလေးလုပ်သားပပျောက်ရေးဆိုင်ရာ အမျိုးသား အဆင့် လုပ်ငန်းအစီအစဉ် (NAP) နှင့် အဆိုးဝါးဆုံးပုံစံဖြင့် ကလေးလုပ်သားခိုင်းစေမှုများပပျောက်ရေး (၂၀၁၉-၂၀၃၃) ကို ပထမဆုံးအကြိမ် ထုတ်ဖော်ရေးဆွဲခဲ့ပြီး အကောင်အထည်ဖော်ဆောင်ရွက်မှုများကို စတင်ခဲ့သည်။ ထို့အပြင် ပထမဆုံးသော ဘေးအန္တရာယ်ရှိသည့်အလုပ်များစာရင်းကိုလည်း တရားဝင်ပြဌာန်းသတ်မှတ်နိုင်ရန် စတင် လုပ်ဆောင်ခဲ့ပါသည်။ အမျိုးသား အဆင့် လုပ်ငန်းအစီအစဉ်ကို အကောင်အထည်ဖော်ရေးအား အမှန်တကယ်ဖြစ်မြောက်လာစေရန်အတွက် အစိုးရသည် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် မြန်မာနိုင်ငံ ကလေးလုပ်သားတိုက်ဖျက်ရေးဆိုင်ရာအမျိုးသားအဆင့် ကော်မတီ (MNCECL) ကိုလည်းစတင်ဖွဲ့စည်းခဲ့ပါသည်။ ထိုကော်မတီတွင် ဒုသမ္မတက ဥက္ကဌအဖြစ်တာဝန်ယူပြီး ကော်မတီအဖွဲ့ဝင်များတွင် အဓိက ကျသည့် ဝန်ကြီးဌာနများ၊ အလုပ်သမားနှင့် အလုပ်ရှင်အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းမှ ကိုယ်စားလှယ်များ ပါဝင်ကြပါသည်။

မြန်မာနိုင်ငံသည် ကလေးလုပ်သားဆိုင်ရာကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းမည့် ၎င်း၏ကတိကဝတ်ပြုမှုများကို ထပ်မံ အတည်ပြုသည့်အနေဖြင့် ၂၀၂၀ ခုနှစ် ဇွန်လ (၈) ရက်နေ့တွင် ILO ၏ အနိမ့်ဆုံးအသက်ပြဌာန်းချက်၊ ၁၉၇၃ (အမှတ် ၁၃၈) ကိုအတည်ပြုလက်မှတ်ရေးထိုးခဲ့ပါသည်။ ဤသို့သော ဖွံ့ဖြိုးတိုးတက်မှုများသည် ကနဦးအနေဖြင့် အပြုသဘောဆောင်သော လုပ်ဆောင်ချက်တစ်ခုဖြစ်ခဲ့ပြီး အထူးသဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကျရောက်ခဲ့သည့် အခြေအနေများနှင့် နိုင်ငံတဝှမ်းရှိ ကလေးများ၏ အခွင့်အရေးများ၊ ဘေးကင်းလုံခြုံရေးနှင့် လုပ်ငန်းခွင်အခြေအနေများအပေါ် ခြိမ်းခြောက်မှုဖြစ်လာခဲ့သည့် အနေအထားများတွင်ဖြစ်ပါသည်။

## ▶ အလေ့အထကောင်းများဖြစ်ပေါ်လာခြင်း

ဤအချက်အလက်အနှစ်ချုပ်စာတမ်းတွင်ပါဝင်သည့် ကောင်းမွန်သောအလေ့အထများမှာ အဓိကအားဖြင့် My-PEC စီမံကိန်းကို အကောင်အထည်ဖော်ခဲ့သော အစောပိုင်းနှစ်များမှဖြစ်ပြီး မြန်မာနိုင်ငံသည် ဒီမိုကရေစီလမ်းစဉ်သို့ ကူးပြောင်းခါစ အခြေအနေတွင်ဖြစ်ပါသည်။ အစိုးရ၏မူဝါဒပိုင်းမှစ၍ လူမှုရေးမိတ်ဖက်အဖွဲ့များနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများကဲ့သို့ သော သက်ဆိုင်ရာအဖွဲ့များမှ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းလုပ်ငန်းများတိုင်အောင် လုပ်ငန်းကဏ္ဍ အားလုံးတွင် မသေချာမှုများစွာရှိနေခဲ့သော်လည်း စီမံကိန်းသည် အခြေအနေ အလိုက်လိုအပ်ချက်များကို ပြန်လည်တုံ့ပြန်ဆောင်ရွက်နိုင်ခဲ့ ပြီး ပို၍တည်ငြိမ်မှုရရှိလာကာ အတွင်းကျသည့်အချက်အလက်များနှင့် အတွေ့အကြုံများကိုလည်းရရှိလာခဲ့သည်။
ကောင်းမွန် သည့်အလေ့အထများတွင် **သစ်လွင်ပြီးဖန်တီးတီထွင်မှုရှိသော ရှေ့ဆောင်လုပ်ငန်းများ**ပါရှိပြီး အခြားသောကလေး လုပ်သားစီမံကိန်းများက စတင်ခဲ့ပြီး My-PEC စီမံကိန်းတွင် ထပ်တူပြန်လည်အသုံးပြုခဲ့သော အလေ့အကျင့်အချို့လည်း ပါဝင်ပါသည်။ ထိုပြန်လည်ကူးယူအသုံးပြုခဲ့သောအလေ့အထကောင်းများတွင် ILO ၏ အခြားသော ကလေးလုပ်သားဆိုင်ရာ စီမံကိန်းများတွင် ကျင့်သုံးနိုင်ရန်အတွက် My-PEC က ထပ်မံဖြည့်စွက်ပေးထားသော နက်နဲသည့်အမြင်ရှုထောင့်များနှင့် အတွေ့အကြုံများပါဝင်ပါသည်[2]။ ထိုသို့အတွင်းကျကျနက်နဲသည့်တွေ့ရှိမှုများမှာ အလေ့အထများကို လက်ခံကျင့်သုံးခြင်း၏ ရလဒ်ကြောင့် သို့မဟုတ် မြန်မာနိုင်ငံတွင်ရှိနေသည့်သီးခြားအခြေအနေများကြောင့် ဖြစ်နိုင်ပါသည်။
**ထိုအလေ့အထကောင်းများတွင် စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်ရေး၊ မူဝါဒရေးဆွဲပြဌာန်းရေး၊ သိမြင်ရင်းနှီးမှုမြှင့်တင်ခြင်း နှင့် တိုက်ရိုက်**



Children take part in My-PEC events marking World Day Against Child Labour.
© Mon Victor Fleury/ILO

**အထောက်အကူပေးခြင်းများ** ပါဝင်ပါသည်။ အလေ့အထတစ်ခုတွင် ဤကဏ္ဍများထဲမှတစ်ခုတည်းပါဝင်သည် ကရှားပါးပြီး ဤအလေ့အထများ ပေါင်းစပ်ပါဝင်နေသည်ကများပါသည်။ My-PEC သည် ကောင်းမွန်သည့် ချဉ်းကပ် လုပ်ဆောင်မှုအလေ့အထဟုဆိုနိုင်သော မဟာဗျူဟာများကို ပေါင်းစည်းကျင့်သုံးခဲ့ပြီး ထိုအလေ့အထကောင်းများမှာ တခါတရံ ရှုထောင့်ပေါင်းစုံပါဝင်ပြီး သက်ရောက်မှုများစွာရှိပါသည်။ ထို့အပြင် **လက်တွေ့အလေ့အထကောင်းများစွာသည် ကောင်းမွန်သည့် အလေ့အထတစ်ခု** အတွင်း ပေါင်းစုပါဝင်နေခြင်းလည်းဖြစ်နိုင်ပါသည်။ ဥပမာအားဖြင့် ကောင်းမွန်သည့်အလေ့အထကောင်းများစွာသည် ရပ်ရွာလူထုကော်မတီများ၊ ရပ်ရွာလူထုခေါင်းဆောင်များ၏ စည်းရုံးမှု၊ ကျေးရွာငွေစု ငွေချေးအသင်း (VSLA) များနှင့်ချိတ်ဆက်မှု၊ ဒေသဆိုင်ရာစီးပွားရေးနှင့်ကိုက်ညီသော သက်မွေးပညာသင်တန်းများနှင့် ချိတ်ဆက်ထားသည့် ချေးငွေထုတ်ပေးခြင်းများအစရှိသည့် ပြည့်စုံကောင်းမွန်သော၊ ရပ်ရွာအခြေပြုဖြစ်ပြီး ရေခံမြေခံ အနေအထားနှင့်ကိုက်ညီအောင်ပြုလုပ်ထားသည့် တိုက်ရိုက်အထောက်အကူပေးခြင်းဝန်ဆောင်မှုများတွင် အခြေတည်ပါရှိ ခြင်းမျိုးဖြစ်ပါသည်။ ပုံတူကူးထားသည့် အလေ့အထကောင်းများအပေါ် နက်နဲစွာသိမြင်လာမှုများအပြင် My-PEC သည် ဆန်းသစ်တီထွင်မှုရှိ သော အလေ့အထအသစ်များဟု ယူဆနိုင်သည့် အရေးပါသော၊ သစ်လွင်ပြီး ဆန်းသစ်တီထွင်မှုရှိသော ချဉ်းကပ်မှု လုပ်ဆောင်မှုနည်းလမ်းများကိုလည်း ထုတ်ဖော်အသုံးချခဲ့ပါသည်။ ထိုသို့လုပ်ဆောင်မှုများတွင် အောက်၌ဖော်ပြထားသည့် ဓာတ်ပုံဖြင့်ဖြစ်ရပ်များကိုတင်ပြသော ဓာတ်ပုံသတင်းအတတ်ပညာ (photo journalism) သင်တန်းများပေးခြင်းနှင့် မြန်မာနိုင်ငံရှိ အမြင်ဆိုင်ရာအနုပညာရှင် (visual artists) များနှင့်အတူတကွလုပ်ကိုင်ခြင်းများပါဝင်ပါသည်။ ဤသို့ ရှေ့ဆောင်အနေဖြင့် လုပ်ကိုင်ခဲ့ခြင်းများမှ ရပ်ရွာလူထုများနှင့် မူဝါဒချမှတ်သူများကိုစည်းရုံးရန် အသုံးပြုနိုင်သည့် အရည်အသွေးမြင့်မားသော အသိပညာပေးမြှင့်တင်မှုနည်းလမ်းများကို ထုတ်လုပ်နိုင်ခဲ့ပါသည်။ ၎င်းတို့သည် ပြည်တွင်းရှိ အမြင်ဆိုင်ရာအနုပညာအသိုက်အဝန်းနှင့် လူငယ်များအကြားတွင်လည်း ကလေးလုပ်သားဆိုင်ရာကိစ္စရပ်များကို အသိပေး ဖြန့်ဝေနိုင်ရန် စွမ်းဆောင်ရည်များ တည်ဆောက်ပေးခဲ့ပါသည်။ ဓာတ်ပုံသတင်းအတတ်ပညာဖြင့်လုပ်ဆောင်မှုသည် ကလေး လုပ်သားဆိုင်ရာများ၊ ၎င်းတို့၏ မျှော်လင့်ချက်များ၊ အိပ်မက်များနှင့် နေ့စဉ်ဘဝများ၊ ၎င်းတို့၏ ပေါင်းသင်းဆက်ဆံရေးနှင့် ဖန်တီးတီထွင်မှုရှိသောအကြံဉာဏ်များ အစရှိသည်တို့ကို ကလေးများနှင့် လူငယ်များအား အသိပေးတင်ပြနိုင်စေခဲ့သည်။ ဤနည်းလမ်းသည် အများပြည်သူအား စည်းရုံးဟောပြောမှုများ၌ ကလေးသူငယ်များပါဝင်လာစေရန် အလွန်အားကောင်း ထိရောက်သည့် နည်းလမ်းတစ်ခုဖြစ်ကြောင်း သက်သေပြနိုင်ခဲ့သည်။ ကိုယ်ပိုင်ဆုံးဖြတ်လုပ်ပိုင်ခွင့်များရှိလာစေသည့် ဤနည်းလမ်းကို အခြားသောလုပ်ငန်းများနှင့် အခြားသောစီမံကိန်းများတွင် ပုံတူကူးယူကာပြန်လည်အသုံးချနိုင်ပါသည်။
ယေဘုယျအားဖြင့် ဤအချက်အလက်များအနှစ်ချုပ်စာတမ်းတွင် **အထင်အရှားဖော်ပြထားသည့် ကောင်းမွန်သော အလေ့အထများသည် ကိုယ်ပိုင်ဆုံးဖြတ်လုပ်ပိုင်ခွင့်ရှိလာစေခြင်း**ကို အဓိကထားပါသည်။ လူငယ်များကို ဖွင့်ထုတ်ပြောဆိုမှု များဖြစ်လာစေခြင်း၊ ရပ်ရွာလူထုများကို ကလေးလုပ်သားဆိုင်ရာကိစ္စရပ်များအား ခွဲခြားသတ်မှတ်ခြင်း၊ ကိုင်တွယ်ဖြေရှင်း ခြင်းနှင့် စောင့်ကြည့်လေ့လာမှုများပြုလုပ်လာနိုင်စေခြင်း၊ လူ့အခွင့်အရေးကို ထိန်းသိမ်းစောင့်ရှောက်ကာကွယ်ပေးရန် တာဝန်ရှိသည့်အဖွဲ့အစည်းများ (Duty bearers) ကို ကလေးလုပ်သားကိစ္စရပ်များအား ကိုင်တွယ်ဖြေရှင်းရန်

---

1 မြန်မာနိုင်ငံ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ILO။ [Report on Myanmar Labour Force Survey 2015,](#) 2016.
2 ကလေးလုပ်သားများနှင့်ပတ်သက်သည့် ILO ၏ စီမံကိန်းများမှတဆင့် ခွဲခြားသတ်မှတ်ခဲ့သည့် အလေ့အကျင့်ကောင်းများဆိုင်ရာ အခြားသောအစီရင်ခံစာ များကို ရယူလိုပါက https://www.ilo.org/global/topics/child-labour/publications/lang--en/index.htm

နှင့် ကလေး သူငယ်များအား အကာအကွယ်ပေးနိုင်စွမ်းများရှိလာစေခြင်းတို့ဖြစ်ပါသည်။ ပြည်တွင်းတွင် အကျိုးခံစားခွင့်ရှိသူများကို တိုက်ရိုက်စောင့်ကြည့်လေ့လာခြင်းနှင့် အစီရင်ခံတင်ပြခြင်း (DBMR) အဖွဲ့များကို တည်ထောင်ခဲ့ခြင်းသည်လည်း အထူးတလည်စိတ်ဝင်စားဖွယ်ကောင်းသော လုပ်ပိုင်ခွင့်ပေးအပ်ခြင်းဆိုင်ရာ ရှေ့ဆောင်လုပ်ငန်းတစ်ခုဖြစ်ပြီး ရပ်ရွာလူထုများ ကို ကလေးလုပ်သားဆိုင်ရာသုတေသနများ၊ စောင့်ကြည့်လေ့လာခြင်းများနှင့် အစီရင်ခံတင်ပြမှုများပြုလုပ်လာနိုင်စေရန် စွမ်းဆောင်ရည်တည်ဆောက်ပေးခြင်းနှင့် လုပ်ပိုင်ခွင့်များပေးအပ်နိုင်ရန် စီမံကိန်းစီမံခန့်ခွဲရေးနည်းလမ်းတစ်ခုအဖြစ် အသုံးပြုနိုင်ခဲ့သည်။ ထိုလုပ်ငန်းများသည် အစိုးရဌာနများက ကလေးလုပ်သားများကို စောင့်ကြည့်လေ့လာမှုပြုလုပ်ခြင်းနှင့် အစီရင်ခံတင်ပြခြင်းများအား တိကျမှန်ကန်စွာပြုလုပ်ပေးနိုင်ခြင်းမရှိသည့် လက်ရှိအခြေအနေတွင် ထိုအဖွဲ့များသည် ပို၍ပင် အရေးပါလာမည့်အနေအထားရှိပါသည်။ ဤလုပ်ဆောင်မှုနည်းလမ်းများကိုလည်း အခြားသောအခြေအနေများတွင် ပုံတူကူး၍ ပြန်လည်အသုံးချနိုင်ပါသည်။

**ကောင်းမွန်သည့်အလေ့အထ**

# ▶ အမျိုးသားအဆင့်လုပ်ငန်းအစီအစဉ် ထုတ်ဖော်ရေးဆွဲမှု၏ ဗဟိုချက်တွင် စွမ်းဆောင်ရည်ဖွံ့ ဖြိုးတိုးတက်စေရေးကို ထည့်သွင်းခြင်း

## ကောင်းမွန်သည့်အလေ့အထများကို ခြုံငုံသုံးသပ်ခြင်း

မြန်မာနိုင်ငံ၏ ကလေးအလုပ်သမားပပျောက်ရေး အမျိုးသားအဆင့်လုပ်ငန်းအစီအစဉ် (NAPCL) ကို ထုတ်ဖော်ရေးဆွဲခြင်းနှင့် သဘောတူအတည်ပြုရေးသည် အလွန်ရှည်ကြာသည့်လုပ်ငန်းစဉ်တစ်ခုဖြစ်သည်။ အပေါ်ယံအားဖြင့်ကြည့်ပါက ယင်းသည် လုပ်ငန်းတွင်ကျယ်မှုမရှိဟုထင်ရပါသည်။ သို့သော် စေ့စပ်စွာလေ့လာကြည့်ပါက ထိုအစီအစဉ်သည် ကလေးလုပ်သား ပပျောက်ရေးအတွက် ကတိကဝတ်ပြုကာ နိုင်ငံအဆင့်နှင့် ဒေသတွင်းစွမ်းဆောင်ရည်တည်ဆောက်နိုင်ရန် ကောင်းစွာအချိန် ယူ၍ လုပ်ဆောင်ခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ ဤသို့နိုင်ငံအဆင့် စွမ်းဆောင်ရည်တည်ဆောက်ခြင်းအပေါ်တွင် ရင်းနှီး မြှုပ်နှံမှု၏ရလဒ်များကို စစ်တပ်အာဏာသိမ်းပြီးနောက်ပိုင်း အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ လုပ်ငန်းစဉ်အတွင်းမှ ထွက်ခွာသွားကြသော်လည်း အစီအစဉ်ကိုဆက်လက်အကောင်အထည်ဖော်မှုတွင် တွေ့ရှိရပါသည်။ ထိုသို့ အဖွဲ့အစည်းများချိတ်ဆက်ပါဝင်မှုမရှိတော့ခြင်းသည် လိုလားဖွယ်မဟုတ်သော်လည်း လုပ်ငန်းအစီအစဉ်ကို ဆက်လက်အကောင်အထည်ဖော်နေခြင်းသည် လုပ်ငန်းအစီအစဉ်ရေးဆွဲသတ်မှတ်ခြင်းလုပ်ငန်းစဉ်အတွင်း စွမ်းဆောင်ရည်ဖွံ့ဖြိုး တိုးတက်ရေး ကို ပေါင်းစည်းထည့်သွင်းခဲ့ခြင်း၏ အပြုသဘောသက်ရောက်မှုများကို ထင်ဟပ်ဖော်ပြသည်။

စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများသည် အမျိုးသားအဆင့်လုပ်ငန်းအစီအစဉ်အား ထုတ်ဖော်ရေးဆွဲခြင်း လုပ်ငန်းစဉ်၏ မတူညီသောအဆင့်များစွာတွင် ပုံစံမျိုးစုံဖြင့်ပါဝင်လျက်ရှိသည်။ သီးခြားဖွဲ့စည်းခဲ့သော ကလေးလုပ်သား ဆိုင်ရာနည်းပညာပိုင်းလုပ်ငန်းအဖွဲ့ (TWGCL) သည် မူဝါဒရေးဆွဲပြဋ္ဌာန်းရန်နှင့် ဥပဒေရေးရာပြုပြင်ပြောင်းလဲရေးအတွက် ကနဦးစတင်ခဲ့သော အရာဖြစ်ပါသည်။ ထိုအဖွဲ့တွင် အစိုးရ၊ အလုပ်သမားနှင့် အလုပ်ရှင်အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှု အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များပါဝင်ခဲ့ပြီး ILO နှင့် ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာကလေးများရန်ပုံငွေအဖွဲ့ (UNICEF) တို့က ဝင်ရောက်မဲပေးမှုမပြုသော အကြံပေးအဖွဲ့များအဖြစ် ပါဝင်ခဲ့ကြပါသည်။ ထိုကုလသမဂ္ဂအေဂျင်စီများသည် ကလေးလုပ်သားဆိုင်ရာကိစ္စများကို ကိုင်တွယ်ဖြေရှင်းရေးနှင့် အားလုံးအကျုံးဝင်သော အမျိုးသားအဆင့်လုပ်ငန်းအစီအစဉ်ရေးဆွဲဖော်ထုတ် ရေးလုပ်ငန်းစဉ်ကို အစီအစဉ်ရေးဆွဲရေးနှင့် စီမံဆောင်ရွက်ရေးတို့အတွက် သင်တန်းများပို့ချခဲ့ပါသည်။

ဤနည်းအားဖြင့် နိုင်ငံအဆင့်နှင့် ဒေသတွင်းအဆင့် ညှိနှိုင်းတိုင်ပင်ဆွေးနွေးမှုများဖြင့် ကျယ်ပြန့်သော အားလုံးအကျုံးဝင်စေ သော အစီအစဉ်ရေးဆွဲမှုလုပ်ငန်းစဉ်တစ်ခုကို ဖြစ်လာစေခဲ့ပါသည်။ ဒေသတွင်းညှိနှိုင်းတိုင်ပင်ဆွေးနွေးမှုများတွင် နိုင်ငံ အတွင်းမတူညီသောနေရာဒေသများရှိ မတူကွဲပြားသော အခြေအနေများကို ထည့်သွင်းစဉ်းစားနိုင်ရန်နှင့်သီးခြား သက်ဆိုင် ပတ်သက်သူအုပ်စုများ (လူငယ်၊ အလုပ်သမားများနှင့် အလုပ်ရှင်များ)နှင့် ညှိနှိုင်းတိုင်ပင် ဆွေးနွေးမှုများကိုပါ ထပ်မံဖြည့်စွက် ခဲ့ပြီး နိုင်ငံတွင်းရှိမတူညီသော နေရာဒေသများမှ စုံလင်ကွဲပြားမှုရှိနိုင်သည့် အခြေအနေများကိုထည့်သွင်းစဉ်းစားခြင်းနှင့် တိကျပြည့်စုံသော အမျိုးသားအဆင့်လုပ်ငန်းအစီအစဉ်တစ်ခုဖြစ်လာစေရန်ဆောင်ရွက်ခဲ့ပါသည်။ ကျယ်ပြန့်ပြည့်စုံသော ဆွေးနွေးတိုင်ပင်မှုများသည် နည်းပညာပိုင်းဆိုင်ရာလုပ်ငန်းအဖွဲ့အတွက် သက်ဆိုင်ပတ်သတ်သူများနှင့် လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ထိန်းသိမ်းရန်တာဝန်ရှိသည့်အဖွဲ့များစွာထံသို့ ပိုမိုရောက်ရှိစေပြီး (၂၀၂၁ ခုနှစ်စစ်တပ် အာဏာသိမ်းမှု ကြောင့် အားလျော့သွားခဲ့သော်လည်း) အမျိုးသားအဆင့်လုပ်ငန်းအစီအစဉ်ကို အကောင်အထည်ဖော်ရန်အတွက် ပိုမို ကျယ်ပြန့်သော၊ အားကောင်းသော အမျိုးသားအဆင့်ပူးပေါင်းဆောင်ရွက်မှုကို ရရှိစေသည်။ အကူအညီများအား လက်လှမ်း မမီသူများကို ရှာဖွေအထောက်အပံ့ပေးခြင်းများ ပြုလုပ်ရာတွင် အမျိုးသားအဆင့်ညှိနှိုင်းဆွေးနွေးမှုများ၌ လွှတ်တော် ကိုယ်စားလှယ်များကိုပါဝင်စေခြင်းဖြင့် အထူးတလည် ဦးစားပေးစည်းရုံးမှုများပြုလုပ်ခဲ့သည်။ လွှတ်တော်ကိုယ်စားလှယ် များသည် ဆွေးနွေးညှိနှိုင်းမှုအလုပ်ရုံများ၏ဖွင့်ပွဲများတွင် အဖွင့်မိန့်ခွန်းများပြောယုံသာမကဘဲ ထိုအလုပ်ရုံဆွေးနွေးပွဲများ ကျင်းပစဉ်အချိန်အတွင်း တောက်လျှောက်ပါဝင်ခဲ့ကြသည်။ ထိုသို့လုပ်ဆောင်ခြင်းသည် စစ်တပ်အာဏာသိမ်းမှုကြောင့် လုပ်ငန်းရလဒ်များလျော့ကျသွားခဲ့သော်လည်း အသိပညာကြွယ်ဝသော၊ အခိုင်အမာကတိကဝတ်ပြုမှုရှိသည့် လွှတ်တော် ကိုယ်စားလှယ်များကို ရရှိစေခဲ့သည်။

အမျိုးသားအဆင့်လုပ်ငန်းအစီအစဉ်ကို ၂၀၁၈ တွင်သဘောတူအတည်ပြုခဲ့ပြီး အကောင်အထည်ဖော်မှုလုပ်ငန်းများမှာ ၂၀၁၉ ခုနှစ်ကတည်းက လုပ်ဆောင်နေခဲ့ပြီးဖြစ်သည်။ လုပ်ငန်းအစီအစဉ်အကောင်အထည်ဖော်မှုများကို စစ်တပ်အာဏာသိမ်းပြီး နောက်ပိုင်း၌ စောင့်ကြည့်လေ့လာမှုမရှိတော့ဘဲ ၎င်း၏ စောင့်ကြည့်လေ့လာရေးမူဘောင်ကိုလည်း အနာဂတ်တိုးတက်မှုများအားစောင့်ကြည့်လေ့လာရန်သာ အသုံးပြုနိုင်တော့မည်ဖြစ်သည်။

### အဓိကမှတ်သားရမည့်အချက်များ

ညှိနှိုင်းဆွေးနွေးမှုများမှတဆင့် ခိုင်မာမှုရှိပြီး ရည်ရွယ်ချက်ဖြင့် စွမ်းဆောင်ရည်တည်ဆောက်ခြင်းများသည် အစိုးရနှင့် အရပ်ဘက်လူမှုအသိုက်အဝန်း၊ မူဝါဒချမှတ်သူများနှင့် အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများအကြား ကလေးလုပ်သား ပပျောက်ရေး ကတိကဝတ်ပြုမှုများနှင့် စွမ်းဆောင်ရည်များကို ပိုမိုအားကောင်းလာစေသည်။

ထိရောက်မှုရှိစေရန်အတွက် ညှိနှိုင်းဆွေးနွေးမှုများမှတဆင့် စွမ်းဆောင်ရည်တည်ဆောက်ခြင်းလုပ်ငန်းတွင် စိတ်ရှည် သည်းခံမှုနှင့် လုံလောက်သောအချိန်များစွာပေးရန် လိုသည်။ မြန်ဆန်သည့် အောင်မြင်မှုဆိုသည်မှာမရှိပါ။ မြန်ဆန်စွာ လုပ်ဆောင်မည့်အစားစွမ်းဆောင်ရည်တည်ဆောက်ခြင်းကို အနာဂတ်လုပ်ဆောင်ချက်များနှင့်သက်ရောက်မှုများ ဖြစ်လာစေ ရေးအတွက် အခြေခံအုတ်မြစ်များချမှတ်ရာတွင် အရေးကြီးသည့်အစိတ်အပိုင်းတစ်ခုအဖြစ် မှတ်ယူဆောင်ရွက်ရမည်ဖြစ် သည်။ ထို့ကြောင့် ကနဦးစွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်မှုများသည် အောက်တွင်ဖော်ပြထားသည့် ရပ်ရွာလူထု စည်းရုံးရေးအတွက်လည်း အလားတူအရေးပါပါသည်။ ယင်းသည်နှေးကွေးသော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သော်လည်း လုပ်ဆောင်ချက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အားကောင်းသည့်အခြေခံအုတ်မြစ်တစ်ခုကို တည်ဆောက်ပေးနိုင် သောကြောင့် အရေးကြီးသည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါသည်။

ညှိနှိုင်းဆွေးနွေးမှုများမှတဆင့် စွမ်းဆောင်ရည်တည်ဆောက်ခြင်းလုပ်ငန်းသည် ကလေးလုပ်သား သို့မဟုတ် အခြားသော အခြေခံအခွင့်အရေးများအတွက် အမျိုးသားအဆင့်လုပ်ငန်းအစီအစဉ်များ ထုတ်ဖော်ရေးဆွဲမှုကို စတင်လုပ်ဆောင်လိုသည့် နိုင်ငံအားလုံး၌ ပုံတူကူး၍ထပ်တူဆောင်ရွက်နိုင်ပါသည်။ မလေးရှားနိုင်ငံသည် ILO ကပေးအပ်ခဲ့သည့် သတင်းအချက်အလက် များအရ မြန်မာနိုင်ငံမှ နမူနာဖြစ်ရပ်များအပေါ်အခြေခံပြီး အဓမ္မခိုင်းစေခံရသော အလုပ်သမားများအတွက် အမျိုးသားအဆင့် လုပ်ငန်းအစီအစဉ် ထုတ်ဖော်ရေးဆွဲရာတွင် အလားတူလုပ်ငန်းစဉ်ဖြင့် လိုက်လံလုပ်ဆောင်ခဲ့ပါသည်။

ကောင်းမွန်သည့်အလေ့အထ

# ▶ ပြည့်စုံသော၊ ရပ်ရွာအခြေပြုဖြစ်ပြီး ဒေသအနေအထားနှင့် ကိုက်ညီအောင်ပြုလုပ်ထားသည့် တိုက်ရိုက်အထောက်အပံ့ပေးခြင်း ဝန်ဆောင်မှုများ

## ကောင်းမွန်သည့်အလေ့အထများကို ခြုံငုံသုံးသပ်ခြင်း

My-PEC တွင် ရပ်ရွာလူထုစည်းရုံးရေးအတွက် အားထုတ်ကြိုးပမ်းမှု လုပ်ငန်းများနှင့် ချိတ်ဆက်ထားသော ကလေးသူငယ် များနှင့် မိသားစုများအတွက် တိုက်ရိုက်အထောက်အပံ့ပေးခြင်းဝန်ဆောင်မှုများလည်းပါရှိပါသည် (ဇယား ၁ တွင်ကြည့်)။ ထို လုပ်ငန်းများကို ကြည့်ခြင်းအားဖြင့် စီမံကိန်းသည် ကလေးသူငယ်များထံသို့ မည်မျှထိထိရောက်ရောက် ရောက်ရှိခဲ့သည်ကို ရှင်းလင်းစွာတွေ့ နိုင်သလို ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားစဉ်အတွင်းနှင့် စစ်တပ်အာဏာသိမ်းပြီးနောက်ပိုင်း လုပ်ငန်းများကို ရေရှည်ဆက်လက်တည်တံ့အောင်ထိန်းသိမ်းထားနိုင်သည်ကိုလည်းတွေ့ နိုင်ပါသည်။ ခြုံငုံသုံးသပ်မည်ဆိုပါက ထိုသို့ဖြစ်ရခြင်းမှာ စီမံကိန်းလုပ်ငန်းများကို ဒေသဆိုင်ရာဖွဲ့စည်းပုံများအတွင်း ခိုင်မာစွာအမြစ်တွယ်အောင် လုပ်ဆောင်ထားခဲ့ခြင်းနှင့် ဦးတည်ရပ်ရွာလူထုများ၏ ကြီးမားစွာကျောထောက်နောက်ခံပေးထားမှုများကြောင့်ဖြစ်ပါသည်။

ထိုသို့ဝန်ဆောင်မှုပေးအပ်သည့်လုပ်ငန်းများကို ကျောက်ထောက်နောက်ခံပေးထားသည့် လုပ်ဆောင်ချက်များမှာ အသိပညာ ပေးမြှင့်တင်ခြင်းများ၊ ကလေးလုပ်သားနှင့်ပတ်သက်၍ ဒေသခံရပ်ရွာလူထုခေါင်းဆောင်များကို သင်တန်းပို့ချခြင်းများနှင့် ရပ်ရွာလူထုကို စောင့်ကြည့်လေ့လာရေးအုပ်စုများ ဖွဲ့စည်းပေးခြင်းတို့ဖြစ်သည်။ ထိုအဖွဲ့များ၏တာဝန်မှာ ကလေးလုပ်သား အဖြစ် အလုပ်လုပ်နေသည့် သို့မဟုတ် ကလေးလုပ်သားဖြစ်သွားနိုင်ခြေရှိသည့် ကလေးများကို ခွဲခြားသတ်မှတ်ရန်နှင့် ၎င်းတို့၏ မိသားစုများထံသို့ ရောက်ရှိနိုင်ရေးဖြစ်ပါသည်။ ပေးအပ်ခဲ့သည့်ဝန်ဆောင်မှုများအား ဒေသဆိုင်ရာ အခြေအနေ၊ စီးပွားရေးတို့နှင့် ကိုက်ညီအောင်ပြုလုပ်ခဲ့ပြီး ကျေးရွာငွေစုငွေချေးအသင်းများမှတဆင့် ချေးငွေကို အသင်းဝင်များထံလက်လှမ်းမီ ရရှိနိုင်အောင် ဖြည့်ဆည်းဆောင်ရွက်ပေးပါသည်။

## ၂၀၂၂ ခုနှစ်အတွင်း တိုက်ရိုက်အထောက်အပံ့ရရှိခဲ့သည့် အကျိုးခံစားခွင့်ရှိသူများ



**▶ 1,269**

ကလေးအလုပ်သမားအဖြစ် အလုပ်လုပ်နေသည့် သို့မဟုတ် ကလေးလုပ်သားဖြစ်သွားနိုင်ခြေမြင့်မားသည့် ကလေးပေါင်း (၁၂၆၉) ယောက်သည် အသစ်ဖွင့်လှစ်သည့် ကျောင်းပြင်ပပညာရေးအတန်းများ၊ ဘဝတွက်တာသင်ယူစရာ သင်တန်းများနှင့် "ပညာရေး၊ အနုပညာနှင့် မီဒီယာများမှတဆင့် ကလေးများ၏ အခွင့်အရေးကို အထောက်အပံ့ပေး ခြင်း" (SCREAM) လုပ်ငန်းများအစရှိသည်တို့မှတဆင့် ကျောင်းပြင်ပ ပညာရေးဝန်ဆောင်မှုများကို ရရှိခဲ့ကြသည်။

**▶ 2,669**

ကလေးလုပ်သားအဖြစ် အလုပ်လုပ်နေသည့် သို့မဟုတ် ကလေးလုပ်သားဖြစ်သွားနိုင်ခြေမြင့်မားသည့် ကလေး ပေါင်း (၂၆၆၉) ယောက်သည် ကျောင်းသုံးပစ္စည်းများဖြန့်ဝေပေးအပ်ခြင်းကဲ့သို့သော တရားဝင်ပညာရေး ဝန်ဆောင်မှုများမှ အကျိုးခံစားခဲ့ရသည်။

**▶ 12,219**

လုပ်ငန်းခွင်အတွင်းဘေးကင်းလုံခြုံရေးနှင့် ကျန်းမာရေး (OSH) စည်းရုံးလှုံ့ဆော်ပွဲများသည် ရပ်ရွာလူထုပေါင်း (၁၂၂၁၉) ထံသို့ ရောက်ရှိခဲ့သည်။

**▶ 1,257**

(၁၂၅၇) ယောက်သောကလေးများသည် ၎င်းတို့၏လုပ်ငန်းခွင်အတွင်း ဘေးကင်းလုံခြုံရေးနှင့် ကျန်းမာရေး (OSH) အခြေအနေများတိုးတက်အောင် သင်တန်းများနှင့်အထောက်အပံ့ပေးမှုများကို ရရှိခဲ့ကြသည်။

**▶ 1,292**

အိမ်ထောင်စုပေါင်း (၁၂၉၂) စုသည် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများပိုမိုတိုးတက်စေရန် အထောက်အပံ့များရရှိခဲ့ကြသည်။

**▶ 588**

အိမ်ထောင်စုပေါင်း (၅၈၈) စုမှ အနည်းဆုံးမိဘတစ်ဦးစီသည် ပညာရေး၏ အရေးကြီးပုံကို ရှင်းပြဆွေးနွေးမှုများ အား လက်ခံရရှိခဲ့ကြသည်။

**▶ 500**

ဆရာ/ဆရာမပေါင်း (၅၀၀) သည် ကလေးလုပ်သားဆိုင်ရာကိစ္စရပ်များအတွက် စွမ်းဆောင်ရည်တည်ဆောက်မှု သင်တန်းများမှ အကျိုးကျေးဇူးရရှိခဲ့သည်။

**▶ 916**

အရွယ်ရောက်ပြီးသူပေါင်း (၉၁၆) ယောက်သည် စီးပွားရေးပိုမိုတိုးတက်စေမည့် ဝန်ဆောင်မှုများကို လက်ခံရရှိခဲ့ကြသည်။

**▶ 385**

အလုပ်ရှင်များ၊ ဒေသဆိုင်ရာအာဏာပိုင်များနှင့် အခြားသော သက်ဆိုင်ရာ ရပ်ရွာလူထုပေါင်း (၃၈၅) ယောက်သည် လုပ်ငန်းခွင်အတွင်းဘေးကင်းလုံခြုံရေးနှင့် ကျန်းမာရေး (OSH)သင်တန်းများကို တက်ရောက်ခဲ့ကြသည်။

**▶ 278**

ကလေးလုပ်သားအဖြစ် အလုပ်လုပ်နေသည့် သို့မဟုတ် ကလေးလုပ်သားဖြစ်သွားနိုင်ခြေမြင့်မားသည့် ကလေးပေါင်း (၂၇၈) ယောက်သည် သက်မွေးပညာဝန်ဆောင်မှုများမှ အကျိုးခံစားခဲ့ကြရသည်။

**▶ 45**

စီမံကိန်းဧရိယာများတွင် ရပ်ရွာအခြေပြုငွေစုသည့်အဖွဲ့ပေါင်း (၄၅) ဖွဲ့ အောင်မြင်စွာဖွဲ့စည်းလည်ပတ်နိုင်ခဲ့သည်။



16-year-old Thant Zin Hein benefits from vocational training through My-PEC in Ward 168, Dagon Seikkan. © ILO

## အဓိကမှတ်သားရမည့်အချက်များ

ရပ်ရွာလူထုအခြေပြုချဉ်းကပ်လုပ်ဆောင်သည့်နည်းလမ်းသည် ကောင်းမွန်သည့်အလေ့အထတစ်ခုဖြစ်ကြောင်း ပြီးခဲ့သည့် ဆယ်စုနှစ်နှစ်ခုအတွင်း လုပ်ဆောင်ခဲ့သည့် လုပ်ငန်းများနှင့် ILO ၏ ကလေးလုပ်သားစီမံကိန်းများစွာတွင် အထင်အရှားတွေ့မြင်ခဲ့ရပြီးဖြစ်ပါသည်။ My-PEC၏ ကလေးများအတွက် ရပ်ရွာလူထုအခြေပြုအထောက်အပံ့ပေးခဲ့ခြင်း အတွေ့အကြုံများ အရ ဤချဉ်းကပ်လုပ်ဆောင်မှုနည်းလမ်းကို မှန်ကန်သည့်အခြေအနေများတွင် ပုံတူကူးယူ၍ပြန်လည်လုပ်ဆောင်နိုင်သော အလေ့အထကောင်းတစ်ခုဖြစ်ကြောင်းကို ထပ်မံအတည်ပြုနိုင်ခဲ့ပါသည်။ မြန်မာနိုင်ငံမှရရှိခဲ့သောအတွေ့အကြုံများအရ ဒေသဆိုင်ရာလိုအပ်ချက်များနှင့် အခြေအနေများအလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုများသည် အမှန်တကယ် သက်ရောက်မှုများဖြစ်စေပြီး ဒေသခံများကို စွမ်းဆောင်ရည်တည်ဆောက်ပေးခြင်းသည် ဝန်ဆောင်မှုပေးအပ် ခြင်းလုပ်ငန်းများကို ကျော့ထောက်နောက်ခံဖြစ်စေမည့် အရေးကြီးသောရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်ကြောင်း ပြသပါသည်။

---

ဒေသခံများ၏စွမ်းဆောင်ရည်ကိုဖွံ့ဖြိုးတိုးတက်စေခြင်းနှင့် (လက်လှမ်းမမီနိုင်သူများထံသို့ ရောက်ရှိအောင်အကူအညီ ပေးခြင်း၊ သင်တန်းပို့ချခြင်းနှင့် ရပ်ရွာကော်မတီများ) ရေမြေဒေသနှင့်ကိုက်ညီသောဝန်ဆောင်မှုများကို ပေးအပ်ခြင်း (နည်းပညာနှင့် သက်မွေးပညာနှင့် သင်ကြားပို့ချရေး (TVET) နှင့် ချေးငွေထုတ်ပေးခြင်း) အစရှိသည်တို့ကို ပေါင်းစပ်လုပ်ဆောင်ခြင်းသည် ရေရှည်သက်ရောက်မှုများဖြစ်လာစေရန်အတွက် စစ်မှန်သော အလားအလာများ ပေါ်ပေါက်လာစေရန် အဓိကကျပါသည်။ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့်ကာလအတွင်းနှင့် စစ်တပ်အာဏာသိမ်းပြီးနောက်ပိုင်း ဝန်ဆောင်မှုပေးအပ်ခြင်းများတွင် တည်ငြိမ်မှုများရှိနေခဲ့ပြီး ထိုသို့သောအနှောက်အယှက်များမဖြစ်ပေါ်ခင် သတ်မှတ်ထားသည့်ရပ်ရွာလူထုများအတွင်း ကတိကဝတ်ပြုမှုများနှင့် စွမ်းဆောင်ရည်များကို တည်ဆောက်ထားခဲ့ခြင်းကြောင့်ဖြစ်ပါသည်။ ထိုသို့လုပ်ဆောင်ထားခဲ့ခြင်း ကြောင့် အကောင်အထည်ဖော်ရေးမိတ်ဖက်များအနေဖြင့် အလွန်တရာခက်ခဲနေသောအချိန်ကာလများအတွင်း၌ပင် ကလေးသူငယ်များနှင့် မိသားစုများကို ဆက်လက်အထောက်အပံ့ပေးနိုင်ခဲ့ပါသည်။

My-PEC စီမံကိန်း၏ အတွေ့အကြုံများအရ ရှင်းလင်းစွာတွေ့မြင်ရသည်မှာ အတားအဆီးများကြီးမားစွာဖြစ်ပေါ်လာချိန်တွင် ရပ်ရွာလူထုအခြေပြုသောမဟာဗျူဟာများသည် လက်လှမ်းမမီနိုင်သူများထံရောက်ရှိအောင် အကူအညီပေးခြင်းနှင့် ကလေး လုပ်သားဖြစ်သွားရန် ထိခိုက်အလွယ်ဆုံးသော မိသားစုများနှင့်ကလေးများအား အထောက်အပံ့ပေးရန် လက်ရှိကာလနှင့် အနာဂတ်ကာလနှစ်ခုစလုံးအတွက် အလားအလာ အကောင်းဆုံးနည်းလမ်းတစ်ခုဖြစ်နိုင်ပါသည်။ မြန်မာနိုင်ငံရှိ ILO အထောက်အပံ့ပေးထားသော ရပ်ရွာလူထုအခြေပြုသည့်မဟာဗျူဟာများသည် ကလေးလုပ်သားဖြစ်ရပ်များကို ကိုင်တွယ် ဖြေရှင်းရန်နှင့် ကြိုတင်ကာကွယ်ရန် အထိရောက်ဆုံးဖြစ်သလို အကျပ်အတည်းကျရောက်သည့်ကာလများတွင် မိသားစုနှင့် ရပ်ရွာလူထုများအကြား စည်းလုံးညီညွတ်မှုများနှင့် ကိုယ်စိတ်ချမ်းသာမှုများရရှိနိုင်ရန် အရေးကြီးသည့်အချက်များဖြစ်ပါ သည်။ ရပ်ရွာလူထုအခြေပြုသည့် အထောက်အပံ့များသည် ယခုလက်ရှိ (ရေတိုကာလ) ဖြစ်ပေါ်နေသည့် ကလေးလုပ်သား ကိစ္စရပ်များကိုင်တွယ်ဆောင်ရွက်မှုအပေါ် ပိုမိုကြီးမားသည် သက်ရောက်မှုများဖြစ်စေမည်ဖြစ်သလို အနာဂတ်ကာလ (ရေရှည်ကာလ) အခက်ခဲဆုံးအခြေအနေများတွင်လည်း ကလေးလုပ်သားဖြစ်ရပ်များမဖြစ်ပေါ်အောင် ကြိုတင်တားဆီး ကာကွယ်နိုင်ရန် အလားအလာများရှိပါသည်။

**ကောင်းမွန်သည့်အလေ့အထ**

# စောင့်ကြည့်လေ့လာရေးအတွက် ဒေသခံများအား စွမ်းဆောင်ရည်တည်ဆောက်ပေးခြင်း - DBMR အဖွဲ့ဝင်များ

DBMR အဖွဲ့များသည် My-PEC ၏ အဆုံးသတ်သုတေသနလုပ်ငန်းအတွက် ကွင်းဆင်းအချက်အလက် ကောက်ယူခြင်းကိုလည်း လုပ်ဆောင်ပေးခဲ့ပြီး အခြားသောအချက်အလက်ကောက်ယူခဲ့သည့် လုပ်ငန်းများတွင်လည်း ဆက်လက်ချိတ်ဆက်ပါဝင်နေကြဆဲဖြစ်ပါသည်။

## ကောင်းမွန်သည့်အလေ့အထများကို ချိုင်ုံသုံးသပ်ခြင်း

အထက်တွင်ဖော်ပြခဲ့သော ရပ်ရွာလူထုစည်းရုံးရေးအတွက် ကောင်းမွန်သည့်အလေ့အထများကို ပုံတူကူးယူ၍ ဆောင်ရွက်ခြင်း အပြင် My-PEC သည် ခြေတစ်လှမ်းထပ်တိုး၍ဆောင်ရွက်ခဲ့ပါသည်။ စီမံကိန်းသည် ရပ်ရွာလူထုအဆင့်တွင် စွမ်းဆောင်ရည် တည်ဆောက်ရန် အမေရိကန်ပြည်ထောင်စုအလုပ်သမားရေးရာဌာန၏ ရန်ပုံငွေပံ့ပိုးမှုဖြင့် ILO စီမံကိန်းများ၌ အကျိုးခံစားခွင့် ရှိသူများကို စောင့်ကြည့်လေ့လာခြင်းနှင့် အစီရင်ခံတင်ပြခြင်း (DBMR) လုပ်ငန်းစဉ်တစ်ရပ်အား မဖြစ်မနေပြုလုပ်ရန် သတ်မှတ်ခဲ့ပါသည်။ ထိုလုပ်ငန်းစဉ်တွင် ကလေးသူငယ်များ အထောက်အပံ့ရရှိခြင်းရှိမရှိ စောင့်ကြည့်လေ့လာရန်နှင့် အစီရင်ခံ တင်ပြရန် ရပ်ရွာအခြေပြုအဖွဲ့အစည်းများကို ခွဲခြားသတ်မှတ်ခြင်းနှင့် သင်တန်းပို့ချခြင်းများပါဝင်ပါသည်။ DBMR အဖွဲ့ဝင် များသည် အလှူရှင်များ၏ တရားဝင်သတ်မှတ်ချက်များကို ပြည့်မီအောင်ဆောင်ရွက်ယုံသာမက ဒေသဆိုင်ရာ စောင့်ကြည့် လေ့လာရေးစွမ်းဆောင်မှုများနှင့် ကတိကဝတ်ပြုလုပ်ဆောင်မှုများကို ပိုမိုအားကောင်းလာစေရန် တက်ကြွစွာလှုပ်ရှားသည့် အဖွဲ့တစ်ခုလည်းဖြစ်လာခဲ့သည်။ အဖွဲ့ဝင်များကို လစာများချီးမြှင့်သည့်အတွက် ဤစနစ်သည် ဒေသတွင် အလုပ်အကိုင်ရရှိမှု နှင့် ဝင်ငွေရသည့်လုပ်ငန်းတစ်ခုလည်းဖြစ်စေသည်။

ဤသို့ချဉ်းကပ်လုပ်ဆောင်သည့်နည်းလမ်း၏ ထိရောက်မှုမှာ သိသာထင်ရှားပါသည်။ My-PEC ၏ အပြောင်းအလဲမရှိ ခိုင်မာ သော သင်တန်းပို့ချခြင်းများနှင့် အထောက်အပံ့ပေးခြင်းများသည် လျာထားသည့်ရပ်ရွာလူထုများအတွင်း အရည်အချင်း ပြည့်ဝသော DBMR အဖွဲ့များကို ဖန်တီးနိုင်ခဲ့ပြီး အကျိုးခံစားခွင့်ရှိသူများကို တိုက်ရိုက်အထောက်အပံ့ပေးခြင်းအား အစီရင်ခံ တင်ပြနိုင်စွမ်းများရှိလာစေကာ အချက်အလက်များကောက်ယူမှုကိုလည်း ထပ်ဆောင်းပြုလုပ်ပေးနိုင်ခဲ့သည်။ ဒေသခံ DBMR အဖွဲ့များသည် My-PEC ကို ပုံမှန်အစီရင်ခံတင်ပြကြပြီး ၎င်းတို့၏အကြံပြုချက်များကြောင့် နည်းပညာပိုင်းဆိုင်ရာ တိုးတက်မှု အစီရင်ခံစာများမှတဆင့် My-PEC ၏ တိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများအကြောင်း အစီရင်ခံတင်ပြမှုများ ပြုလုပ်စေနိုင်ခဲ့ သည်။ ထိုအဖွဲ့များသည် "အကျိုးရလဒ်အခြေပြုသောသုတေသန၊ မြန်မာနိုင်ငံတွင် My-PEC စီမံကိန်းအကောင်အထည်ဖော် ခဲ့သည့်လုပ်ငန်းများအပေါ် ဖြစ်ပေါ်လာသည့် အလေ့အထကောင်းများနှင့် သင်ခန်းစာရခဲ့သည်များအားလေ့လာမှု" ကို လုပ်ဆောင်နိုင်ရန်အတွက် ရပ်ရွာလူထုအတွင်းစစ်တမ်းကောက်ယူရာ၌ ကွင်းဆင်း၍အချက်အလက်များ ကောက်ယူခြင်းကို လည်းတာဝန်ယူလုပ်ဆောင်ပေးခဲ့ပါသည်။

**အဓိကမှတ်သားရမည့်အချက်များ**

သဘောတရားအရ ILO နှင့် အလှူရှင်များနှင့်သာသက်ဆိုင်သောကိစ္စဖြစ်သည့် စီမံကိန်းတစ်ခုကို စောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံတင်ပြရေးသတ်မှတ်ချက်များကို စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်းတစ်ခုအဖြစ်အသုံးချရန် ရည်ရွယ်ချက်ရှိရှိပြောင်းလဲလိုက်သည့်အခါ My-PEC သည် ထိခိုက်လွယ်သောရပ်ရွာလူထုများအတွင်းရှိ ဒေသခံများ၏ စွမ်းဆောင်ရည်ကို သိသာထင်ရှားစွာပင် တိုးတက်အောင်လုပ်ဆောင်နိုင်ခဲ့သည်။ ဤသို့ချဉ်းကပ်လုပ်ဆောင်မှုနည်းလမ်းသည် အခြားသောအခြေအနေများအတွက်လည်း အသုံးဝင်နိုင်ပါသည်။

DBMR အဖွဲ့များသည်လည်း ၎င်းတို့၏လုပ်ငန်းများမှ ရရှိလာ သောဝင်ငွေများဖြင့် အနာဂတ်တွင်ပြုလုပ်မည့်သုတေသန၊ စောင့်ကြည့်လေ့လာရေးနှင့် အကဲဖြတ်ရေး (M&E) လုပ်ငန်းများ ကို အထောက်အပံ့ပေးလာနိုင်မည်ဖြစ်သည်။ ယင်းသည် စောင့်ကြည့်လေ့လာရေးနှင့် အကဲဖြတ်ရေးအတွက် သုတေသနနှင့် စွမ်းဆောင်ရည်များကို ပိုမိုအားကောင်းစေယုံသာမက ယင်းလုပ်ငန်းစဉ်ကို "ပညာဖြင့်ရရှိလာသောဝင်ငွေများ" အဖြစ်သို့ပင် ထည့်သွင်းစဉ်းစားလာနိုင်မည်ဖြစ်ပြီး ပုံမှန်အားဖြင့် သင်တန်းများနှင့် ဝင်ငွေများကို သက်မွေးပညာတစ်ခုခု တတ်မြောက်မှသာ ရရှိနိုင်မည့် ရပ်ရွာလူထုများအတွက် ဖြစ်ပါသည်။ ဝင်ငွေများတိုးတက်လာရန် သက်မွေးပညာကျွမ်းကျင်မှုများသည် အရေးကြီး သော်လည်း စောင့်ကြည့်လေ့လာရေးနှင့် သုတေသနလုပ်ငန်းများအပေါ် ကျွမ်းကျင်မှုသင်တန်းများပို့ချပေးခြင်းသည်လည်း မဟာဗျူဟာများကို ပိုမိုတိုးချဲ့ရန်နှင့် ဝင်ငွေရရှိသည့် လုပ်ငန်းများဖြစ်လာစေရန် အလားတူနည်းလမ်းကောင်းတစ်ခုဖြစ်ပါသည်။

သို့သော်ထည့်သွင်းစဉ်းစားရမည့် အရေးကြီးသောအချက်တစ်ချက်မှာ ဒေသခံများကိုလစာပေးအပ်ပြီး သင်တန်းပို့ချဖွဲ့စည်း ပေးထားသည့် DBMR အဖွဲ့များတွင် ပါဝင်လုပ်ကိုင်ရန်စိတ်ဝင်စားသည့်ရပ်ရွာလူထုသည် DBMR ၏ အခြေခံမူဝါဒများနှင့် နည်းစနစ်များကို ကောင်းစွာလိုက်နာဆောင်ရွက်နိုင်ရန်အတွက် လုံလောက်သောပညာအဆင့်အတန်းရှိရမည်ဖြစ်ပြီး ဥပမာ အားဖြင့် စာတတ်မြောက်မှုနှင့် အတွက်အချက်ကျွမ်းကျင်မှုအဆင့်မြင့်မားရမည်ဖြစ်သည်။

လက်ရှိစစ်တပ်အာဏာသိမ်းပြီးနောက် သတင်းအချက်အလက်များမမှန်ကန်ခြင်းနှင့် စိစစ်ဖြတ်တောက်ခံရခြင်းများ ဖြစ်ပေါ် နေသည့်အခြေအနေတွင် ရပ်ရွာလူထုအခြေပြုသောသုတေသနများကို ပြုလုပ်လိုသည့် ရပ်ရွာလူထုများနှင့် အဖွဲ့အစည်းများ အတွက် DBMR အဖွဲ့များ၏ ကျွမ်းကျင်မှုများနှင့် အသိပညာများသည် အရေးကြီးသောအဖိုးတန်ပစ္စည်းများဖြစ်လာမည်ဖြစ် သည်။ ၎င်းတို့သည် အစိုးရကထိန်းချုပ်ထားသော အချက်အလက်ကောက်ယူသည့်စနစ်များထက်ကျော်လွန်၍ သတင်း အချက်အလက်များကို ကိုယ်တိုင်ကောက်ယူနိုင်ကြသောကြောင့် DBMR အဖွဲ့များသည် မြန်မာနိုင်ငံတွင် ပြည်သူတို့၏အသံ များကို လွတ်လပ်စွာထုတ်ဖော်တင်ပြခွင့်ရှိသည့် ဒီမိုကရေစီစနစ်လျော့ပါးနိမ့်ကျမှုများကို ဖြည့်ဆည်းအကာအကွယ်ပေးထား နိုင်မည့် အလားအလာများရှိပါသည်။ ထို့ကြောင့် DBMR လုပ်ငန်းစဉ်၏ အစိတ်အပိုင်းအနေဖြင့် သုတေသနနှင့် စောင့်ကြည့် လေ့လာရေးလုပ်ငန်းများတွင် ဒေသခံများ၏စွမ်းဆောင်ရည်ကိုတည်ဆောက်ပေးခဲ့ခြင်းသည် My-PEC စီမံကိန်း၏ ဖန်တီး တီထွင်မှုအကောင်းဆုံးသော ရှေ့ဆောင်လုပ်ငန်းတစ်ခုဖြစ်ပါသည်။

စီမံကိန်းသည် စီမံကိန်းဧရိယာတစ်ခုချင်းစီအတွင်းရှိ ကလေးအလုပ်သမားဖြစ်ရပ်များ (တိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ) ကို ခွဲခြားသတ်မှတ်နိုင်ရန်အတွက် CLMS ကို အသုံးပြုရန် အစီအစဉ်ရေးဆွဲခဲ့ပြီး ၎င်းတို့ကို တိုက်ရိုက်အထောက်အပံ့များပေးရန်ဆောင်ရွက်ခဲ့သည်။ အကျိုးခံစားခွင့်ရှိသူများကို ခွဲခြားသတ်မှတ်ရာတွင် ကနဦး လမ်းညွှန်မှုအနေဖြင့် DBMR Database ကို အသုံးပြုသွားမည်ဖြစ်သည်။ သို့သော်လည်း ၂၀၂၄ ခုနှစ်တွင်မှ အကျိုးခံစားခွင့်ရှိသူများအား စောင့်ကြည့်လေ့လာခြင်းလုပ်ငန်းကို DBMR အား အသုံးပြုခြင်းထက် CLMS များမှတဆင့်သာ လုပ်ဆောင်သွားမည်ဖြစ်သည်။ သက်ဆိုင်ရာဌာနသို့ လွှဲပြောင်းအပ်နှံပေးခြင်းနှင့် ဝန်ဆောင်မှုများ ပေးအပ်ခြင်းကို ကလေးများနှင့် မိသားစုများအတွက် ရပ်ရွာလူထုအခြေပြုသော အထောက်အပံ့ပေးမှုပုံစံဖြင့် ပိုမိုအလေးပေးဆောင်ရွက်သွားမည်ဖြစ်သည်။

ဤလုပ်ငန်းနှင့်စပ်လျဉ်းသော ဦးစားပေးကိစ္စရပ်များမှာ - (၁) လက်ရှိကာလတွင် မရရှိနိုင်သော ပညာရေးနှင့် သင်တန်းတက်ရောက်မှုအခွင့်အလမ်းများကို လက်လှမ်းမီရရှိနိုင်ရေးနှင့် မူလအခြေအနေအတိုင်း ပြန်လည် ရောက်ရှိနိုင်စေရန်အတွက် သစ်လွင်ပြီး ဆန်းသစ်တီထွင်မှုရှိသော ကျောင်းပြင်ပ ပညာရေးနှင့် နည်းပညာနှင့် သက်မွေးပညာရေးများ၊ အခြားရွေးချယ်နိုင်မည့်သင်တန်းများကို စတင်ဖွဲ့စည်းတည်ထောင်ရန်၊ (၂) ကလေး အလုပ်သမား ဖြစ်ပွားမှုကို တားဆီးကာကွယ်ရန်နှင့် ဆင်းရဲနွမ်းပါးမှုကြောင့် အသက်ဆက်လက်ရှင်သန်နိုင်ရေး ဗျူဟာများအဖြစ် ပြည်တွင်း၌ ရွှေ့ပြောင်းသွားလာနေရခြင်းများကို တားဆီးပေးနိုင်ရန်အတွက် အသက်မွေး ဝမ်းကျောင်းလုပ်ငန်းများကို အထောက်အကူဖြစ်စေမည့် လုပ်ငန်းများအားဖန်တီးပေးခြင်းတို့ ဖြစ်သည်။ အဓိက အနေဖြင့် CLMS ကို စီမံကိန်းရပ်ရွာလူထုတစ်ခုစီတိုင်းတွင် စတင်ဆောင်ရွက်သွားမည်ဖြစ်ပြီး ထိုစနစ်မှ ခွဲခြား သတ်မှတ်ပေးလာသည့် ကလေးအလုပ်သမားဖြစ်ရပ်များကို ဝန်ဆောင်မှုပေးအပ်သူများထံသို့ လွှဲပို့အပ်နှံပေးသွားမည် ဖြစ်သည်။ ရေရှည်ကာလတွင် ကျေးလက်ငွေစုငွေချေးအသင်းများမှတဆင့် တိုက်ရိုက်ဝန်ဆောင်မှုများပေးရန် ငွေရေးကြေးရေးအထောက်အပံ့ပေးအပ်ခြင်းများကို ဖော်ဆောင်သွားမည် ဖြစ်သည်။ ဤသို့မဟာဗျူဟာကျသည့် အကူးအပြောင်းသည် သတ်မှတ်ထားသည့် စီမံကိန်းဆိုင်ရာ စံပုံစံများ၏ ရေရှည်တည်တံ့ခိုင်မြဲခြင်းနှင့် ပုံစံတူကူးယူ၍ ဆက်လက်ဆောင်ရွက်နိုင်စေခြင်းများကို ဖြစ်ပေါ်လာစေမည်ဖြစ်သည်။

**ကောင်းမွန်သည့်အလေ့အထ**

# ▶ မဟာဗျူဟာကျ အလုပ်တာဝန်ကို ဝေမျှထမ်းဆောင်ခြင်းများမှတဆင့်ကလေးသူငယ် အကာအကွယ်ပေးရေး ဖြစ်ရပ်စီမံခန့်ခွဲမှုစနစ်အား ထုတ်ဖော်ရေးဆွဲခြင်း

## ကောင်းမွန်သည့်အလေ့အထများကို ခြုံငုံသုံးသပ်ခြင်း

ကလေးသူငယ်အကာအကွယ်ပေးရေးဖြစ်ရပ်များစီမံခန့်ခွဲမှုစနစ် (CMS) သည် ၂၀၂၁ ဖေဖော်ဝါရီလမတိုင်မီ မြန်မာနိုင်ငံအစိုးရ က အကောင်အထည်ဖော်ခဲ့သည့် ကလေးသူငယ်အကာအကွယ်ပေးရေးစနစ်တစ်ခုဖြစ်ပါသည်။ My-PEC ၏ မူဘောင်အရ ILO နှင့် UNICEF တို့သည် ထိုစနစ်အတွင်းသို့ ကလေးအလုပ်သမားညွှန်ပြချက်များနှင့် ဆောင်ရွက်ရမည့်လုပ်ထုံးလုပ်နည်းများကို ထည့်သွင်းရာတွင် ဖန်တီးတီထွင်မှုများပြုလုပ်ရန်နှင့် အထောက်အကူပေးရန် အတူတကွပူးပေါင်းလုပ်ဆောင်ခဲ့ကြပါသည်။ ၂၀၂၁ အစောပိုင်းကာလအထိ ကလေးအလုပ်သမားနှင့်စပ်လျဉ်းသည့် ကိစ္စရပ်အားလုံးကို ထည့်သွင်းစဉ်းစားသောဖြစ်ရပ် စီမံခန့်ခွဲမှုစနစ်ကို အကောင်အထည်ဖော်ခဲ့ပြီး မြန်မာနိုင်ငံရှိတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အဖွဲ့အစည်း (၁၃) ခုက ပို့ချခဲ့သော ကလေးလုပ်သားဆိုင်ရာ သင်တန်းများ၌ ဖြစ်ရပ်ဆိုင်ရာမန်နေဂျာများ ပါဝင်တက်ရောက်ခဲ့ကြပါသည်။

ကလေးအလုပ်သမားဆိုင်ရာကိစ္စရပ်များကို ပိုမိုကျယ်ပြန့်သည့် ကလေးသူငယ်အကာအကွယ်ပေးရေးစနစ်များတွင် ပေါင်းစပ် ထည့်သွင်းခြင်းသည် အစော



Children in a project area of Ward 168, Dagon Seikkan, where a community-based savings group is in place. © ILO

ပိုင်းကာလ ပဏာမလုပ်ဆောင်ခဲ့သည့် လုပ်ငန်းများနှင့် အခြားနိုင်ငံရှိအလားတူလုပ်ငန်းများတွင် အလေ့အထကောင်းတစ်ခုအဖြစ် သဘောတူအသိအမှတ်ပြုခဲ့ကြပြီးဖြစ်သည်။ မြန်မာနိုင်ငံတွင်ပြုလုပ်ခဲ့သည့် ကလေးအလုပ်သမားများအား စောင့်ကြည့်လေ့လာရေးနည်းလမ်းများကို လေ့လာမှုအရ ဤနည်းလမ်းသည် နိုင်ငံအတွင်း ရေရှည် တည်တံ့ခိုင်မြဲသောကလေးအလုပ်သမားစောင့်ကြည့်လေ့လာရေးစနစ်တစ်ခုကို တည်ထောင်ရန်အတွက် အထိရောက်ဆုံးသော မဟာဗျူဟာတစ်ရပ်ဖြစ်နိုင်သည်ကို အတည်ပြုနိုင်ခဲ့သည်။ ထို့ကြောင့် ဤနေရာတွင်ဖော်ပြလိုသည့် ကောင်းမွန်သော အလေ့အထသည် ကလေးအလုပ်သမား ညွှန်ပြချက်များနှင့် လုပ်ထုံးလုပ်နည်းများကို မြန်မာနိုင်ငံဖြစ်ရပ်စီမံခန့်ခွဲသည့်စနစ် အတွင်းသို့ ပေါင်းစည်းထည့်သွင်းရေးကို အဓိကမထားပါ။ ထိုသို့လုပ်ဆောင်ခြင်းအစား ILO နှင့် UNICEF တို့အတူတကွ ပူးပေါင်းလုပ်ကိုင်ပြီး အစိုးရကိုအထောက်အပံ့ပေးရန် တာဝန်ဝတ္တရားများခွဲဝေခြင်းနည်းလမ်းကို ပို၍ ဦးစားပေးခဲ့သည်။ အဓိကသက်ဆိုင်သူများနှင့် လူတွေ့မေးမြန်းခြင်းများ (KII) တွင် အထင်အရှားတွေ့ရှိခဲ့ရသည်မှာ ကလေးလုပ်သားကိစ္စရပ်များကို ဖြစ်ရပ်စီမံခန့်ခွဲမှုစနစ်အတွင်း အလွန်လွယ်ကူစွာပေါင်းစည်းနိုင်ခဲ့ခြင်း၏ အဓိကကျသောအကြောင်းအရင်းမှာ My-PEC ၏ ကွင်းဆင်းလုပ်ငန်းများ (ကလေးလုပ်သားဆိုင်ရာများကို အသိပညာပေးမြှင့်တင်ခြင်းနှင့် စည်းရုံးခြင်း) ကြောင့် ဖြစ်သည်ဟူသည့်အချက်ဖြစ်သည်။ ထို့အပြင် My-PEC ကပံ့ပိုးပေးခဲ့သော ကလေးအလုပ်သမားဆိုင်ရာ ဥပဒေများပြုပြင် ပြောင်းလဲမှုများသည်လည်း ဤသို့ပေါင်းစည်းခြင်းကို ကျောထောက်နောက်ခံပြုပေးခဲ့သည်။

ဤသို့ ခိုင်မာသည့်ကွင်းဆင်း ဆောင်ရွက်မှုများရှိခဲ့သော်လည်း စစ်တပ်အာဏာသိမ်းပြီးနောက်ပိုင်း ဖြစ်ရပ်စီမံခန့်ခွဲမှုစနစ်ကို စတင်အကောင်အထည်ဖော် ရေးကိစ္စအား ပြန်လည်စဉ်းစားသုံးသပ်ခဲ့ရသည်။ အရပ်ဘက်လူမှုအသိုက်အဝန်းများအတွက် ထိုစနစ်၏ပုံစံမှာမည်သို့ ဖြစ်လာနိုင်မည်ကို ယခုထက်ထိရှင်းလင်းစွာမသိရသေးပါ။

My-PEC သည် ကလေးအလုပ်သမားစောင့်ကြည့်လေ့လာရေးနည်းစနစ်များ အပေါ်အခြေခံ၍ အချက်အလက်ဘဏ်တိုက် (database) တစ်ခုတည်ထောင်ရန်လိုအပ်သည်ကိုလည်း အတည်ပြုသတ်မှတ်ခဲ့သည်။ ထို database သည် ရိုးရှင်း ပြီး အသုံးပြုရလွယ်ကူကာ အင်တာနက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အသုံးပြုနိုင်ပြီး ရေရှည်ပြုပြင်ထိန်းသိမ်းမှုစရိတ်များ လည်း သက်သာမှုရှိရမည်ဟု သတ်မှတ်ခဲ့သည်။ စီမံကိန်းသည် ထို database ကို မိတ်ဖက်အဖွဲ့အစည်းများ ဝင်ရောက် အသုံးပြုခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းများပြုလုပ်နိုင်စွမ်းရှိအောင် လုပ်ဆောင်ပေးရန်လိုအပ်သည်ဟုလည်း သတ်မှတ်ခဲ့ပါ သည်။ လက်ရှိအခြေအနေနှင့် မိတ်ဖက်အဖွဲ့များ၏ စိုးရိမ်မှုများ၊ အထူးသဖြင့် တိုင်းရင်းသားအုပ်စုများထိန်းချုပ်သည့် ဧရိယာများနှင့် အလုပ်သမားသမဂ္ဂများတွင် ရှိနေသည့် စိုးရိမ်ပူပန်မှုများကြောင့် ILO သည် KoBo toolbox ကို အသုံးပြု၍ အမှီအခိုကင်းပြီး တစ်ခုတည်းသီးသန့်ရပ်တည်နိုင်သော ကလေးလုပ်သားစောင့်ကြည့်လေ့လာရေး database တစ်ခုကို ထူထောင်ရန် ဆုံးဖြတ်ခဲ့ပါသည်။ ဤစနစ်၏ပထမအဆင့်တွင် database အတွင်း ကလေးလုပ်သားပေါင်း (၈၀၀) ၏ အချက်အလက်များကိုစတင်ထည့်သွင်းခဲ့ပြီး ထိုကလေးများထဲမှတစ်ဝက်ကို အထောက်အပံ့ဝန်ဆောင်မှုများပေးသည့် သက်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဌာနများသို့ လွှဲပြောင်းပေးခဲ့ပြီးဖြစ်ပါသည်။

အဓိကမှတ်သားရမည့်အချက်များ

အစိုးရပိုင်းနှင့် UN နှစ်ဖက်စလုံးတွင်ပါဝင်ကြသူအားလုံး၏ လိုလားထက်သန်သည့်စိတ်များနှင့် အရည်အချင်းများကြောင့် ဤအလေ့အထကောင်းများ၏ အဓိကကဏ္ဍတွင် အတူတကွအလုပ်လုပ်ကိုင်သွားကြရေးနှင့် ဖြစ်နိုင်ခြေရှိသည်များကို ညှိနှိုင်း အပေးအယူလုပ်ကြခြင်းများ ဖြစ်လာစေပါသည်။ ILO နှင့် UNICEF တို့သည် ၎င်းတို့၏ တာဝန်များနှင့် လုပ်ငန်းအချိန်ကာလ များကို ရှင်းလင်းစွာ သတ်မှတ်ထားကြခြင်းဖြင့် ယခုလက်ရှိအချိန်အထိ ဌာနများအကြားအချင်းချင်းဆောင်ရွက်သည့် လုပ်ငန်း များမှာ အကျိုးဖြစ်ထွန်းမှုများရှိခဲ့ပါသည်။

ထို UN အေဂျင်စီနှစ်ဖွဲ့စလုံးသည် ဖြစ်ရပ်များကိုစီမံခန့်ခွဲရေးစနစ်အတွင်း ကလေးလုပ်သားဆိုင်ရာကိစ္စရပ်များကို ပေါင်းစည်း ထည့်သွင်းမှုအား အထောက်အပံ့ပေးနိုင်ရန် အတွက် ၎င်းတို့တွင်ရှိနေသည့် အားသာချက်များကို ဟန်ချက်ညီအောင် ချိန်ညှိ ဆောင်ရွက်ခဲ့ကြပါသည်။ UNICEF သည် ၎င်း၏ကလေးသူငယ်များအကာအကွယ်ပေးရေး ရေရှည် မဟာဗျူဟာကို ထိရောက်စွာအသုံးချခဲ့ပြီး ရှည်လျားသည့် ကာလတစ်ခုအပြီးနောက် နိုင်ငံတဝှမ်းတွင်ဖြစ်ရပ်စီမံခန့်ခွဲမှုစနစ်အား ဖြန့်ကျက် လုပ်ဆောင်ရာ၌ အောင်မြင်စွာအထောက်ကူပေးနိုင်ခဲ့ပါသည်။ ILO သည်လည်း My-PEC ၏ အချိန်ကာလ သတ်မှတ်ချက်ဖြင့် ဖော်ဆောင်သော မဟာဗျူဟာများကို ကောင်းစွာအသုံးချနိုင်ခဲ့ပြီး ဖြစ်ရပ်စီမံခန့်ခွဲမှုစနစ်အတွင်းသို့ ကလေးလုပ်သားဆိုင်ရာ ကိစ္စရပ်များ ပေါင်းစည်း ထည့်သွင်းရန်အတွက် အလုပ်သမားညွှန်ကြားမှုဦးစီးဌာန နှင့် လူမှုဖူလုံရေးဌာနများနှစ်ခုလုံးကို ကိုယ်ပိုင်စီမံဆောင်ရွက်နိုင်စေမည့် အခြေခံအုတ်မြစ်များချပေးနိုင်ခဲ့ပါသည်။ My-PEC က အထောက်အကူပေးခဲ့သည့် အချိန်တိုကာလ အကူအညီများသည်လည်း ဖြစ်ရပ်စီမံခန့်ခွဲမှုစနစ်ကို ရေရှည် အကောင်အထည်ဖော်သွားနိုင်စေရန် လမ်းခင်း ပေးနိုင်ခဲ့ပါသည်။

**ကောင်းမွန်သည့်အလေ့အထ**

# ▶ ကလေးလုပ်သားဆိုင်ရာကိစ္စရပ်များအား အခြားသောစီမံချက်များအတွင်း ပေါင်းစည်း ထည့်သွင်းနိုင်ရန်အတွက် အထူးပြု လမ်းညွှန်ချက်များပေးအပ်ခြင်း

## ကောင်းမွန်သည့်အလေ့အထများကို ခြုံငုံသုံးသပ်ခြင်း

ကလေးအလုပ်သမားဆိုင်ရာကိစ္စရပ်များကို အမျိုးသားအဆင့်နှင့် ကဏ္ဍအလိုက် မူဝါဒများအတွင်းသို့ ထည့်သွင်းစဉ်းစားခြင်းမှစ၍ ဖြစ်ရပ်စီမံခန့်ခွဲမှုစနစ်များ (အထက်တွင်ဖော်ပြခဲ့ပြီး)၊ စီမံကိန်းများနှင့် စီမံချက်များအတွင်း ပေါင်းစည်းထည့်သွင်းရာတွင် ယေဘုယျအားဖြင့် ထိုသို့ပေါင်းစည်းခြင်းနှင့် တပါတည်းထည့်သွင်းစဉ်းစားခြင်းများသည် ကလေးအလုပ်သမားဆိုင်ရာ ကိစ္စရပ်များ ကို ကိုင်တွယ်ဖြေရှင်းရန်အတွက် ကောင်းမွန်သည့်အလေ့အထ တစ်ခုအဖြစ် လက်ခံအသိအမှတ်ပြုရမည်ဖြစ်သည်။ My-PEC သည် ကလေးအလုပ်သမားဆိုင်ရာကိစ္စရပ်များကို ထည့်သွင်းစဉ်းစားခြင်းနှင့် ပေါင်းစပ်ထည့်သွင်းခြင်းများအား အထောက်အကူ ပေးနိုင်ရန် နည်းလမ်းများစွာကို ထုတ်ဖော်အသုံးချခဲ့ပါသည်။

ထိုနည်းလမ်းများတွင် လူငယ်များအတွက် ဘေးကင်းလုံခြုံ သောအလုပ်များ ဖြစ်စေရန် သင်တန်းစာအုပ်ထုတ်ဝေခြင်း[1] လုပ်ငန်းတစ်ခုပါဝင်ပြီး လူငယ်အလုပ်သမားများကို မည်သို့ အကာအကွယ်ပေးရမည်ဟူသော ကဏ္ဍအထူးပြု သတင်းအချက်အလက်များနှင့် မတူညီသောလုပ်ငန်းကဏ္ဍများတွင် စွဲမြဲလျက်ရှိနေသည့် ထိခိုက်နိုင်ခြေများကို မည်သို့ကိုင်တွယ်ဖြေရှင်းရမည်ဟူသော အချက်အလက်များပါဝင်ပါသည်။ ယင်းသည် နည်းပညာ၊ သက်မွေးပညာနှင့် သင်တန်းပို့ချသူများ သို့မဟုတ် အဝတ်အထည်ထုတ်ကုန်များ ချိတ်ဆက်လည်ပတ်မှုကွင်းဆက် (supply chains) များအတွင်းရှိ လုပ်ငန်းဆိုင်ရာ

မန်နေဂျာများ အစရှိသည့် ထိုစာအုပ်ကို အသုံးပြုမည့် သူများ အလွယ်တကူ နားလည်နိုင်စေမည့် လမ်းညွှန်ချက်များပါရှိပါသည်။

အဓိကမှတ်သားရမည့်အချက်များ

အကယ်၍သက်ဆိုင်ပတ်သတ်သူများ၌ လုံလောက်သော အသိပညာနှင့် သတင်းအချက်အလက်များ၊ မည်သို့မည်ပုံ လုပ်ဆောင် ရမည် စသည့်အချက်များမရှိခဲ့ပါက ကလေးလုပ်သားကိစ္စရပ်ကို မူဝါဒများ၊ စနစ်များ၊ စီမံကိန်းများ သို့မဟုတ် စီမံချက်များ အတွင်း ပေါင်းစပ်ထည့်သွင်းရန်နှင့် တပါတည်းထည့်သွင်းစဉ်းစားရန် ဖြစ်နိုင်မည်မဟုတ်ပေ။ ထိခိုက်နိုင်ခြေမြင့်မားသည့် ကဏ္ဍများဖြစ်သည့် ဆောက်လုပ်ရေးနှင့် ရေလုပ်ငန်းကဲ့သို့သော လုပ်ငန်းများအတွင်း တည်ရှိနေသည့် အခြေအနေများ အတွက် သက်ဆိုင်ရာအထူးပြုလမ်းညွှန်ချက်များကို ထုတ်ဖော်ပေးအပ်ခဲ့ခြင်းဖြင့် My-PEC သည် ထိုကဏ္ဍများအတွင်းရှိ လူ့အခွင့်အရေးကို ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိသည့်အဖွဲ့အစည်းများအနေဖြင့် ထိုလမ်းညွှန်ချက်များကိုအလွယ်တကူ နားလည်နိုင်ရန်နှင့် လက်တွေ့အသုံးချနိုင်ရန် အထောက်အကူပေးခဲ့ပါသည်။

ကဏ္ဍတစ်ခုကို သင့်လျော်သည့်လမ်းညွှန်မှုများပေးရာ၌ ယေဘုယျလမ်းညွှန်ချက်များကိုပေးခြင်းထက် အသုံးပြုသူများနှင့် ပို၍သက်ဆိုင်ဆီလျော်မည့်နည်းလမ်းများကို ပေးရမည်ဖြစ်သည်။ ထိုသို့ပြုလုပ်ပေးခြင်းဖြင့် ထိုသူများသည် လမ်းညွှန်ချက် များကို လက်တွေ့အသုံးချကြမည်ဖြစ်သလို ဤနေရာတွင်မူ လူငယ်အလုပ်သမားများအတွက် အကာအကွယ်များ ပို၍ ရလာမည့်ဟန်ရှိပါသည်။ ထို့အပြင် အသုံးပြုသူများအနေဖြင့် ၎င်းတို့၏သီးခြားအခြေအနေအလိုက် လမ်းညွှန်ချက်များကို ဘာသာပြန်အဓိပ္ပာယ်ဖွင့်ဆိုရန် အချိန်မကုန်တော့ခြင်း သို့မဟုတ် အရင်းအမြစ်များအသုံးပြုရခြင်းမရှိတော့ဘဲ ကုန်ကျစရိတ် များလည်း သက်သာသွားမည် ဖြစ်သည်။

3 ILO, Myanmar Safe Work for Youth: Training Kit, 2nd ed., 2021.

**ကောင်းမွန်သည့်အလေ့အထ**

# ▶ ဓာတ်ပုံသတင်းပညာကိုအသုံးပြု၍ အသိပညာပေးမြှင့်တင်ခြင်းနှင့် လူငယ်များ ကိုကိုယ်တိုင်ဆုံးဖြတ်လုပ်ပိုင်ခွင့်များ ရှိလာစေခြင်း

## ကောင်းမွန်သည့်အလေ့အထများကို ခြုံငုံသုံးသပ်ခြင်း

My-PEC သည် ကလေးအလုပ်သမားဓာတ်ပုံဇာတ်လမ်းများထုတ်လုပ်နိုင်ရန် တက်ကြွလှုပ်ရှားသူလူငယ်များ၊ အရပ်ဘက် လူမှုအသိုက်အဝန်း၊ ဓာတ်ပုံသတင်းထောက်များနှင့် အခြားသူများအား အထောက်အကူပေးနေသည့် အကျိုးအမြတ်အတွက် မဟုတ်သောအဖွဲ့ PhotoDOC နှင့် ချိတ်ဆက်ခဲ့သည်။ ၎င်းတို့သည် မြန်မာနိုင်ငံတဝှမ်းရှိ မတူညီသောနေရာဒေသအမျိုးမျိုးမှ အသက် (၁၄) နှစ်မှ (၆၀)နှစ်အတွင်းရှိသူပေါင်း (၁၁၃) ယောက်ကို ဓာတ်ပုံပညာနှင့် ကလေးလုပ်သားများအကြောင်းကို လေ့ကျင့်သင်ကြားပေးခဲ့ပြီး ၎င်းတို့နှင့် အလုပ်မလုပ်ရသေးမီ ကလေးများ၏ အလုပ်လုပ်ရသောအခြေအနေများနှင့် ကလေး လုပ်သားဖြစ်စေသော အကြောင်းရင်းများကို မှတ်တမ်းတင်ရိုက်ကူးစေခဲ့သည်။ ၎င်းတို့သည် ကလေးများ၏ မိတ်ဆွေ သူငယ်ချင်းဆက်ဆံရေးများ၊ ကစားခြင်း၊ ပညာရေးလုပ်ငန်းများနှင့် တီထွင်ဖန်တီးမှုရှိသည်များအပါအဝင် ၎င်းတို့၏ နေ့စဉ်ဘဝများကို ရိုက်ကူးမှတ်တမ်းတင်ခဲ့ကြပါသည်။

ထို PhotoDOC အသင်းမှ အတတ်ပညာရှင်များသည် ပါဝင်ရိုက်ကူးခဲ့သူများ၏ ပုံများကို ဓာတ်ပုံဇာတ်လမ်းများဖြစ်အောင် ပြန်လည်ပြုပြင်တည်းဖြတ်ပေးခဲ့ကြပြီး ကလေးလုပ်သားများ၏ လက်တွေ့ဘဝများနှင့် ကလေးလုပ်သားအဖြစ် အလုပ်လုပ် နေကြရသည့်ကလေးများသည် အလုပ်သမားသက်သက်သာမကဘဲ ကလေးများဖြစ်သည်၊ သူငယ်ချင်းများဖြစ်သည်၊ ညီအစ်ကိုမောင်နှမများ၊ သားသမီးများလည်းဖြစ်ကြသည်ဟူသည့် အခြေခံကျသည့် အမှန်တရားများကို ဖော်ထုတ်ပြသနိုင်ရန် အကူအညီပေးခဲ့ကြသည်။ ဇာတ်လမ်းများတွင် ကူကယ်ရာမဲ့နေသည့်အနေအထားများကို ရိုးသားစွာသရုပ်ဖော်တင်ပြခဲ့သလို မျှော်လင့်ချက်နှင့် ပျော်ရွှင်ဖွယ်ရှိသည်များကိုလည်း ဟန်ချက်ညီအောင် ထည့်သွင်းပြသခဲ့ပါသည်။

ဓာတ်ပုံဇာတ်လမ်းများကို ရန်ကုန်ဓာတ်ပုံပြပွဲတွင် တင်ဆက်ပြသခဲ့ပြီး ဆုပေါင်းများစွာရရှိခဲ့သလို ချီးကျူးဂုဏ်ပြုမှုများစွာကို လည်းရရှိခဲ့ပါသည်။ ထို ဓာတ်ပုံဇာတ်လမ်းများကို မူဝါဒချမှတ်သူများနှင့် ချိတ်ဆက်ခြင်း၊ ရပ်ရွာလူထုကိုစည်းရုံးခြင်း၊ အစရှိသည့် အသိပညာပေးမြှင့်တင်မှုလုပ်ငန်းများတွင်အသုံးပြုခဲ့သလို အပြည်ပြည်ဆိုင်ရာအခမ်းအနားများနှင့် အသစ် ဖြစ်သော e-learning tool အပါအဝင် သင်တန်းများနှင့် လေ့လာသင်ယူရေးပစ္စည်းများတွင်ပါ ထည့်သွင်းအသုံးပြုခဲ့ပါသည်။ ဇာတ်လမ်းတစ်ခုကို အိမ်အကူလုပ်ငန်းများ အတွင်းရှိနေသည့် ကလေးလုပ်သားများကို လေ့လာခြင်း အတွက် တိုက်ရိုက်ကိုးကားနိုင်သည့် အရင်းအမြစ်စာရွက်စာတမ်းအဖြစ်ပင် အသုံးပြုနိုင်ခဲ့သည်။ ဓာတ်ပုံဇာတ်လမ်းများကို တခါတရံ အစည်းအဝေးများနှင့် အခမ်းအနားများ အစတွင် တင်ဆက်ပြသမှုများပြုလုပ်ပြီး ပြောဆိုဆွေးနွေးမှုများတွင် လူသားဆန်မှု များ ဖြစ်ပေါ်စေရေးနှင့် ၎င်းတို့ဆွေးနွေးနေသည့်အကြောင်းအရာများသည် ကမ္ဘာပေါ် ရှိ ကလေးများ၏ မျှော်လင့်ချက်များ၊ ခံစားချက်များ၊ ဟာသဉာဏ်ရှိခြင်း အစရှိသည်တို့နှင့်သက်ဆိုင်နေကြောင်း သတိပေးနှိုးဆော်ရန်လည်းဖြစ်ပါသည်။




Yangon railway station on World Day Against Child Labour 2020. © Christophe/ILO

## အဓိကမှတ်သားရမည့်အချက်များ

ဓာတ်ပုံသတင်းပညာစီမံကိန်းသည် ဆန်းသစ်တီထွင်မှုမြင့်မား သော အလေ့အထကောင်းတစ်ခုဖြစ်ပြီး ကလေးသူငယ်များ၊ လူငယ်များနှင့် တက်ကြွလှုပ်ရှားသူများ၏ ဘဝများ၊ အိပ်မက်များ၊ စိုးရိမ်ပူပန်မှုများနှင့် အတွေးအခေါ်များကို မှတ်တမ်းတင် နိုင်စေပါသည်။ ဤနည်းလမ်းသည် ကလေးများနှင့် လူငယ်များအတွက် ၎င်းတို့သက်ဆိုင်ရာအခြေအနေများအလိုက် ထုတ်ဖော်တင်ပြနိုင်ရေးနှင့် ကိုယ်တိုင်ဆုံးဖြတ်လုပ်ပိုင်ခွင့်ရှိစေရေးတို့ကိုမြှင့်တင်ပေးမည့် အားကောင်းသောစံပုံစံတစ်ခု ဖြစ်သလို အသိပညာပေးမြှင့်တင်မှုလုပ်ငန်းများအတွက်အသုံးပြုနိုင်သည့် အမြင်ဆိုင်ရာအနုပညာထုတ်ကုန်များကိုလည်း ထုတ်လုပ်ပေးပါသည်။ ကလေးသူငယ်များကို ကလေးသူငယ်များ အဖြစ်ရှုမြင်ရန် အလေးပေးလုပ်ဆောင်ခြင်းဖြင့် ကြည့်ရှုသူ ပရိတ်သတ်များအား ကလေးများ၏ စရိုက်လက္ခဏာများနှင့် ပိုမိုနက်ရှိုင်းစွာချိတ်ဆက်မိစေသလို တစ်နည်းအားဖြင့် ကလေးလုပ်သားများဖြစ်နေသည့်သူများအပေါ် လူသားတစ်ဦးအဖြစ် နားလည်သဘောပေါက်ခြင်း၊ တန်ဖိုးထားခြင်းများ ဖြစ်လာစေပါသည်။

---

ဤအလေ့အထကောင်း၏ အရေးပါပုံတွင် အကျိုးဖြစ်ထွန်းမှုများစွာပါရှိပါသည်။ ပထမတစ်ခုမှာ ဓာတ်ပုံသတင်းပညာဖြင့် လုပ်ဆောင်မှုသည် ပါဝင်တက်ရောက်ကြသူများအတွက် ဓာတ်ပုံသတင်းပညာနှင့် ကလေးလုပ်သားဆိုင်ရာ ကျွမ်းကျင်မှု များကို ပျိုးထောင်ပေးပါသည်။ ဒုတိယတစ်ခုမှာ မတူညီသည့်ပရိတ်သတ်များအကြားတွင် ကလေးလုပ်သားဆိုင်ရာ ကိစ္စရပ်များကို ပိုမိုသိမြင်ရင်းနှီးစေပြီး ခိုင်မာသည့် ကတိကဝတ်များ ချမှတ်မှုဖြစ်စေမည့် ဓာတ်ပုံဇာတ်လမ်း ဖန်တီးမှုများ ထွက်ပေါ်လာခြင်း ဖြစ်ပါသည်။ တတိယအချက်မှာ မြန်မာနိုင်ငံရှိကလေးလုပ်သားများ၏ လက်တွေ့ဘဝကို နိုင်ငံအဆင့်၊ ဒေသအဆင့်နှင့် နိုင်ငံတကာအဆင့် သက်ဆိုင်ပတ်သက်သူအသီးသီးအတွက် လမ်းညွှန်မှုနှင့် အရင်းအမြစ်အထောက်အထား များအဖြစ် အသုံးပြုနိုင်စေခြင်းဖြစ်ပါသည်။

---

My-PEC သည် ဤနည်းစနစ်ကိုအသုံးပြု၍ သက်ရောက်မှုများဖြစ်လာပုံဇာတ်လမ်းများပြသနိုင်ရန် ရှေ့ပြေးစီမံကိန်း ဆောင်ရွက်သည့် နေရာများမှ မိတ်ဖက်များကို လေ့ကျင့်သင်ကြားပေးခဲ့ပါသည်။ ထိုသို့အဓိကကျသည့် အကောင်အထည်ဖော် ရေးမိတ်ဖက်အဖွဲ့များ၏ စွမ်းဆောင်ရည်ကို ပိုမိုအားကောင်းလာအောင်လုပ်ဆောင်ပေးခြင်းဖြင့် ရှေ့ပြေးလုပ်ဆောင်မည့် လုပ်ငန်းများအတွင်း ဖြစ်ရပ်ဆိုင်ရာလေ့လာမှုများတွင်ပါဝင်ခြင်း/ အောင်မြင်မှုရရှိခဲ့သည့် ဇာတ်လမ်းများနှင့် မျက်မြင် ကြည့်ရှု နိုင်သည့် ဓာတ်ပုံဇာတ်လမ်းများကို ထုတ်လုပ်လာနိုင်စေပြီး အကျိုးခံစားခွင့်ရှိသူများ၏ လက်တွေ့ဘဝများနှင့် မြန်မာနိုင်ငံ တွင် My-PEC ကဆောင်ရွက်ပေးခဲ့သည့် အမှန်တကယ် အပြောင်းအလဲများကို ပြသနိုင်မည်ဖြစ်သည်။



Images from a photo story on child labour by Ye Naing and Yan Moe Naing, developed as part of My-PEC's photo journalism initiative. © Ye Naing and Yan Moe Naing/ILO

Contact details

ILO Liaison Office in Myanmar
No.1 (A), Kanbae (Thitsar) Road, Yankin Township, Yangon, Myanmar
www.ilo.org/myanmar

T: +95 1 233 6538, 233 6539
E: yangon@ilo.org

© International Labour Organization 2024